## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
## ဆဋ္ဌမနေ့မှတ်တမ်း

### ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်
### (၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)
### (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ်စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အားလုံး သုမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူကြပါစေ။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၅၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၃၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ် များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး က တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးကြည်ပြုံး ခွင့် ၂ ရက်၊

(၂) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၂ ရက်၊

(၃) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၂ ရက်၊

(၄) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဒွေး ခွင့် ၂ ရက်၊

(၅) တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ ခွင့် ၂ ရက်၊

(၆) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၇) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၂ ရက်၊

(၈) ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး ခွင့် ၂ ရက်၊

(၉) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၂ ရက်၊

(၁၀) တပ်ကုန်းမဲဆန္ဒနယ် ဦးမောင်ဦး ခွင့် ၂ ရက်၊

(၁၁) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၂ ရက်၊

(၁၂) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၂ ရက်၊

(၁၃) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၂ ရက်၊

(၁၄) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း ခွင့် ၂ ရက်၊

(၁၅) အင်္ဂပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၂ ရက်၊

(၁၆) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နိုင် ခွင့် ၂ ရက်၊

(၁၇) ညောင်လေးပင်မဲဆန္ဒနယ်မှ ဦးစိုးမြင့် ခွင့် ၂ ရက်၊

(၁၈) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၂ ရက်၊

(၁၉) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၂ ရက်၊

(၂၀) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၂ ရက်၊

(၂၁) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊

(၂၂) မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၂၃) မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး ခွင့် ၂ ရက်၊

(၂၄) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရ် ခွင့် ၈ ရက်၊

(၂၅) မတူပီမဲဆန္ဒနယ်မှ ဒေါက်တာရှိအုပ် ခွင့် ၂ ရက်၊

(၂၆) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၅ ရက်၊

(၂၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၂၈) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၂ ရက်၊

(၂၉) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၂ ရက်၊

**မှုကြမ်း**

(၃၀) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၂ ရက်၊

(၃၁) ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ(ခ)ဦးလှမြင့် ခွင့် ၂ ရက်၊

(၃၂) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၂ ရက်၊

(၃၃) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ခွင့် ၂ ရက်၊

(၃၄) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်ဆင်လ်(ခ)ဦးဆောင်ဆီ ခွင့် ၂ ရက်၊

(၃၅) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၂ ရက်၊

(၃၆) ဆော့လော်မဲဆန္ဒနယ်မှ ဦးဖောင်းခေါင် ခွင့် ၂ ရက်၊

(၃၇) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်၊

(၃၈) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၂ ရက်၊

(၃၉) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၂ ရက်၊

(၄၀) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၂ ရက်၊

(၄၁) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၈ ရက်၊

(၄၂) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ခွဲဘူ ခွင့် ၂ ရက်၊

(၄၃) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၂ ရက်၊

(၄၄) ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးလှမြင့်ဦး ခွင့် ၂ ရက်၊

(၄၅) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၂ ရက်၊

(၄၆) ကွမ်လုံးမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း ခွင့် ၂ ရက်နှင့်

(၄၇) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးကျန်တဲဝမ် ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၄ ဦး၊ ယနေ့ခွင့်ပြုထားသူ ၄၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၁ ဦးဖြစ်ပါတယ်။

ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးစိုင်းအွမ်ဆိုင်မိုင်း၊ ကျေးသီးမဲဆန္ဒနယ်က ရှမ်းပြည်နယ်ဒေသတချို့၌ လတ်တလော ဖြစ်ပွားနေသောစစ်ပွဲများကြောင့် လူမှုဒုက္ခအဝဝ ကြုံတွေ့နေရသည့် စစ်ဘေးရှောင်ပြည်သူများကို နိုင်ငံတော်အစိုးရက ထိထိရောက်ရောက် တာဝန်ယူ၍ အမြန်ဆုံးကူညီစောင့်ရှောက်ပေးပါရန်တိုက်တွန်းကြောင်း အရေးကြီးအဆိုတင်သွင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ မစမီမှာ အရေးကြီးအဆိုတစ်ရပ် တင်သွင်းထားတာလေးကို တင်ပြမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၃ အရ အရေးတကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန်အတွက် ကျေးသီးမဲဆန္ဒနယ်က ဦးစိုင်းအွမ်ဆိုင်မိုင်းက ၁၈-၁၁-၂၀၁၅ ရက်နေ့တွင် ဥက္ကဋ္ဌထံ စာဖြင့်ရေးသားလက်မှတ်ရေးထိုးပြီး အဆိုတစ်ရပ်အဖြစ် တင်ပြလာတာရှိပါတယ်။ အဆိုမှာ ရှမ်းပြည်နယ်ဒေသတချို့၌ လတ်တလောဖြစ်ပွားနေသော စစ်ပွဲများကြောင့် လူမှုဒုက္ခအဝဝကြုံတွေ့နေရသည့် စစ်ဘေးရှောင်ပြည်သူများကို နိုင်ငံတော်အစိုးရက ထိထိရောက်ရောက်တာဝန်ယူ၍ အမြန်ဆုံးကူညီစောင့်ရှောက်ပေးပါရန် တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ ဒီအဆိုကို တင်သွင်းဖို့အတွက် ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း ကိုဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းအွမ်ဆိုင်မိုင်း(ကျေးသီးမဲဆန္ဒနယ်)။** ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ကျေးသီးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအွမ်ဆိုင်မိုင်း ဖြစ်ပါတယ်။ ဤအဆိုဟာ ဒုတိယဥက္ကဋ္ဌကြီးပြောသလိုပါပဲ ၁၈-၁၁-၂၀၁၅ ရက်နေ့ကတည်းက ဒီအရေးကြီးအဆိုတင်သွင်းခဲ့ပြီးတော့ အခု ဒီနေ့ ၂၃-၁၁-၂၀၁၅ ရက်နေ့မှာ အရေးကြီးအဆိုကိုခွင့်ပြုပေးသော ဒုတိယဥက္ကဋ္ဌကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ဦးဆုံးပြောကြားလိုပါတယ်။ အရေးကြီးအဆိုမှာ ရှမ်း

ပြည်နယ်အတွင်းရှိ ဒေသတချို့၌ လတ်တလောဖြစ်ပွားနေသောစစ်ပွဲများကြောင့် လူမှုဒုက္ခအဝဝကြုံတွေ့နေရသည့် စစ်ဘေးရှောင်ပြည်သူများကို နိုင်ငံတော်အစိုးရမှ ထိထိရောက်ရောက် အမြန်ဆုံးတာဝန်ယူကူညီစောင့်ရှောက်ပေးပါရန် တိုက်တွန်းကြောင်း အရေးကြီးအဆိုဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းအရေးကြီးအဆိုမှာ ၆-၁၀-၂၀၁၅ ရက်နေ့မှစ၍ ယနေ့အချိန်ထိ တစ်လကျော်ကာလအတွင်း ရှမ်းပြည်နယ်မှာ အစိုးရတပ်မတော်နှင့် SSPP၊ SSA တို့ စစ်ပွဲအကြိမ်ပေါင်း ၈၀ နီးပါးဖြစ်ပွားခဲ့ရပြီး ယင်းစစ်ပွဲများကြောင့် ဒေသခံမိဘပြည်သူများ မိမိတို့နေထိုင်လုပ်ကိုင်စားသောက်နေသော လယ်ယာဥယျာဉ်၊ ခြံမြေများကိုစွန့်ခွာ၍ စစ်ဘေးကင်းဝေးလုံခြုံမည့် နီးစပ်ရာဘုန်းတော်ကြီးကျောင်းများတွင်လည်းကောင်း၊ နီးစပ်ရာ မြို့နယ်များသို့လည်းကောင်း ထွက်ပြေးတိမ်းရှောင်နေရပါသဖြင့် ကျန်းမာရေးအခက်အခဲ၊ ပညာရေးအခက်အခဲ၊ စားဝတ်နေရေးအခက်အခဲနှင့် ယခုအချိန်အခါသည်လည်း လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်းများတွင် စပါး၊ မြေပဲ၊ ပြောင်းစသည့်သီးနှံများ ရိတ်သိမ်းရန်ကာလဖြစ်နေသည့်အပြင် စစ်ဘေးရှောင်ဒေသခံမိဘပြည်သူများ လွန်စွာဖြင့် လူမှုဒုက္ခအဝဝကို ရင်ဆိုင်ကြုံတွေ့လျက်ရှိနေကြပါတယ်။ စစ်ဘေးရှောင် ဒုက္ခသည်များအဖြစ် ဟိုက်ပါကျေးရွာ၊ ဝမ်ဝကျေးရွာ၊ ပန်လော့ကျေးရွာ၊ ကျိုင်းလင်ကျေးရွာ၊ မိုင်းရယ်မြို့၊ မိုင်းနောင်မြို့၊ ဝမ်ဆင်းမြို့၊ လားရှိုးမြို့၊ တောင်ကြီးမြို့၊ လဲချားမြို့၊ မိုင်းရှူးမြို့စသည့် စစ်ဘေးကင်းလွတ်ရာဒေသသို့ နေ့စဉ်ထွက်ပြေးတိမ်းရှောင်လျက်ရှိရာတွင် တစ်နေ့ထက်တစ်နေ့တိုးပွားများပြားလာပြီး စစ်ဘေးရှောင်ပြည်သူဦးရေ ၉၀၀၀ ခန့်ရှိကြောင်း သိရှိရပါသည်။ စစ်ပွဲဖြစ်ပွားရာနေရာများတွင် နေထိုင်သော မိဘပြည်သူများသည် အသက်ဘေးအန္တရာယ်ကြုံတွေ့နေရခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုမရှိခြင်း၊ စာသင်ကျောင်းများလည်းပိတ်ထားရပြီး ပညာသင်ကြားခွင့်ဆုံးရှုံးနေရခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးများကို စွန့်ပစ်ထားရပြီး အသက်အန္တရာယ်အတွက် အာမခံချက်ကင်းလွတ်နေခြင်း၊ လူ့အခွင့်အရေးဆုံးရှုံးခြင်း၊ တရားဥပဒေစိုးမိုးမှု ကင်းမဲ့နေခြင်းနှင့် စားဝတ်နေရေးအခက်အခဲအမျိုးမျိုးခံစားကြုံတွေ့နေရပြီး ရေရှည်ဝမ်းစာဖူလုံရေးအတွက် စစ်ဘေးရှောင်ဒေသခံပြည်သူများ အားကိုးရာမဲ့နေပါသဖြင့် ဝိုင်းဝန်း၍ကူညီဖြည့်ဆည်းပေးရန် လွန်စွာလိုအပ်နေပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ဘေးရှောင်ကလေးသူငယ်၊ သက်ကြီးရွယ်အို အမျိုးသမီးများ၊ မီးဖွားသည့်အမျိုးသမီးများ၊ ဒေသခံပြည်သူများသည် နိုင်ငံရေးသားကောင်များအဖြစ် အပြစ်မဲ့စွာမတရားခံစားနေရပြီး နှစ်ဖက်လက်နက်ကိုင်များတို့သည်လည်း အသက်သွေးချွေးများစွာ ပေးဆပ်နေကြရပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဖော်ဆောင်

ရာတွင် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်စသည်များကိုလည်း လက်မှတ်ရေးထိုးထားသည့်အဖွဲ့တွင်ပါဝင်ကြောင်းလည်း သိရှိရပါသည်။ ထာဝရငြိမ်းချမ်းရေးဖြစ်ပေါ်လာရန်အတွက် နိုင်ငံရေးနည်းလမ်းအရ စေ့စပ်ညှိနှိုင်းအဖြေရှာခြင်းသည်သာလျှင် အမှန်ကန်ဆုံးနည်းလမ်းဖြစ်၍ ပြည်တွင်းပဋိပက္ခကိုလည်း လက်နက်ကိုင်နည်းလမ်းဖြင့် ဖြေရှင်းမှုမျိုးမဖြစ်သင့်တော့ပါကြောင်း တင်ပြအပ်ပါသည်။ ဆုံးရှုံးသွားသည့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ လွန်စွာထိခိုက်နစ်နာမှုတို့ကို ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတော်အစိုးရမှ အမြန်ဆုံးပံ့ပိုးကူညီစောင့်ရှောက်ပေးရန် တာဝန်အပြည့်အဝရှိကြောင်းကိုလည်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ စစ်ဘေးရှောင်ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စားဝတ်နေရေးစတဲ့လူမှုကိစ္စအဝဝကို လတ်တလောဖြည့်ဆည်းပေးရန် လိုအပ်လျက်ရှိနေပါသဖြင့် နိုင်ငံတော်အစိုးရမှ တာဝန်ယူဆောင်ရွက်ပေးနိုင်ပါရန် ပြန်လည်ထူထောင်ပေးရေးလုပ်ငန်းများလည်း ထိထိရောက်ရောက် အမြန်ဆုံးအကောင်အထည်ဖော် ပံ့ပိုးကူညီဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် စစ်ဘေးရှောင်ပြည်သူများ၏ကိုယ်စား အောက်ပါအရေးကြီးအဆိုအဖြစ် ရှမ်းပြည်နယ်အတွင်းရှိ ဒေသတချို့၌ လတ်တလောဖြစ်ပွားနေသော စစ်ပွဲများကြောင့် လူမှုဒုက္ခအဝဝ ကြုံတွေ့နေရတဲ့ စစ်ဘေးရှောင်ပြည်သူများကို နိုင်ငံတော်အစိုးရမှ အမြန်ဆုံးတာဝန်ယူ ကူညီစောင့်ရှောက်ပေးပါရန် တိုက်တွန်းကြောင်းအရေးကြီးအဆိုအား လေးစားစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဦးစိုင်းအွမ်ဆိုင်မိုင်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းမြင့်ဦး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မဲဆန္ဒနယ်က ဦးထွန်းမြင့်ဦးဖြစ်ပါတယ်။ ယခုအခါ ကျွန်တော်တို့ ရှမ်းပြည်နယ်ဒေသအချို့မှာ ဖြစ်ပွားနေတဲ့စစ်ပွဲများဟာ အချိန်ကာလအတော်အတန် ကြာမြင့်လာနေပြီဖြစ်ပါတယ်။ ဒေသခံသက်ကြီးရွယ်အို၊ ကလေးသူငယ်များပါမကျန် ပြည်သူများဟာ စစ်ဘေးရှောင်ဒုက္ခသည်များဘဝနဲ့ လူမှုဒုက္ခအဝဝကို ခံစားနေရကြောင်းကို သတင်းမီဒီယာများမှတစ်ဆင့် နေ့စဉ်ကြားသိ၊ မြင်သိနေကြမယ်ဆိုတာ အဲဒီပြည်သူတွေကိုလည်း စာနာနားလည်ပေးနိုင်ကြမယ်ဆိုတာ ကျွန်တော့်အနေနဲ့ ယုံကြည်မိပါတယ်။ သို့ဖြစ်ပါ၍ ကျေးသီးမဲဆန္ဒနယ်က ဦးစိုင်းအွမ်ဆိုင်မိုင်း

တင်သွင်းတဲ့ ရှမ်းပြည်နယ်ဒေသတချို့၌ လတ်တလောဖြစ်ပွားနေသော စစ်ပွဲများကြောင့် လူမှုဒုက္ခအဝဝကြုံတွေ့နေရသည့် စစ်ဘေးရှောင်ပြည်သူများကို နိုင်ငံတော်အစိုးရမှ ထိထိရောက်ရောက်တာဝန်ယူ၍ အမြန်ဆုံးကူညီစောင့်ရှောက်ပေးပါရန် တိုက်တွန်းကြောင်းအဆိုအား ကျွန်တော့်အနေဖြင့်အလေးအနက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်းတင်သွင်းသွားတဲ့ အရေးကြီးအဆိုအပေါ်မှာ မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦးက ထောက်ခံသွားပါတယ်။ ဒါကြောင့် ဒီအဆိုကို ဆွေးနွေးရန်အတွက် ကန့်ကွက်မယ့်သူရှိပါသလား ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ကန့်ကွက်မယ့်သူမရှိတဲ့အတွက် ဒီအဆိုကို ဒီကနေ့ အစီအစဉ် ၁၂ ပြီးဆုံးမယ့်အချိန်မှာ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြား ခြင်းအစီအစဉ်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးစွဲနေသူများအတွက် ဆေးကုသဖြတ်တောက်သည့်ဆေးခန်း မည်မျှရှိ၍ မည်သည့်မြို့နယ်များတွင် ဖွင့်လှစ်ထားပါကြောင်းနှင့် ရေးမြို့နယ်၊ လမိုင်းမြို့နှင့် ခေါဇာမြို့တို့တွင် ဆေးခန်းများ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်ပြည်ထောင်စုဝန်ကြီးများ၊ ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ရေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးသုံးစွဲနေသူများအတွက် ဆေးကုသဖြတ်တောက်သည့်ကိစ္စကို ကျွန်မ မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးရောင်းချသူ၊ ဖြန့်ဖြူးသူနဲ့

သုံးစွဲသူများအများဆုံးရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်းကို ကမ္ဘာကအသိအမှတ်ပြုထားတဲ့ နိုင်ငံလည်းဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ လွှတ်တော်သက်တမ်း ၅ နှစ်အချိန်အတွင်းမှာ လွှတ်တော်ကိုယ်စားလှယ်များ အဆိုတင်သွင်းခြင်း၊ မေးခွန်းများမေးမြန်းခြင်းစတဲ့ကိစ္စများ ဆောင်ရွက်နေပါသော်လည်း ရောင်းချသူနှင့်သုံးစွဲသူများဟာ မလျော့နည်းသေးတဲ့အပြင် ပိုမိုပြီးတော့ တိုးပွားလာနေတာကိုလည်း ကျွန်မတို့ကိုယ်စားလှယ်အားလုံး အသိပဲဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ဆောင်ရွက်နေတဲ့ကိစ္စများတွေကိုလည်း တာဝန်ရှိတဲ့သူတွေကလည်း အားလုံးအသိပဲဖြစ်တယ်။ ဒါပေမဲ့ တာဝန်ရှိတဲ့သူတွေက မဆောင်ရွက်မနိုမ်းနှင်းနိုင်တဲ့အပြင် ပိုမိုပြီးတော့ တိုးပွားလာနေတာလည်း ကျွန်မတို့သိရှိခဲ့ပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ လျော့နည်းအောင် နှိမ်နင်းဖို့ကိစ္စကို မတောင်းဆိုတော့ဘဲ နိုင်ငံတော်ရဲ့ အနာဂတ်သားကောင်းရတနာများ မဆုံးရှုံးရအောင် သုံးစွဲထားသူများကို ကူညီကယ်တင်ဖို့အတွက် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းချင်တဲ့မေးခွန်းကတော့ (၁) မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးသုံးစွဲနေသူများအတွက် ဆေးကုသဖြတ်တောက်သည့်ဆေးခန်း မည်မျှရှိ၍ မည်သည့်မြို့နယ်များတွင် ဖွင့်လှစ်ထားပါကြောင်းနှင့် (၂) ရေးမြို့နယ်နှင့် မြို့နှစ်မြို့ဖြစ်သော လမိုင်းမြို့နှင့်ခေါဇာမြို့တို့တွင် ဆေးခန်းများဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်းကို ပြည်သူများ၏ လိုလားချက်ကြောင့် တင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးစွဲနေသူများအတွက် ဆေးကုသဖြတ်တောက်သည့်ဆေးခန်းမည်မျှရှိ၍ မည်သည့်မြို့နယ်များတွင် ဖွင့်လှစ်ထားကြောင်း၊ ရေးမြို့နယ်နှင့် မြို့နယ်နှစ်မြို့နယ်ဖြစ်သော လမိုင်းမြို့နှင့် ခေါဇာမြို့နယ်များတွင် ဆေးခန်းများဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းရဲ့ မေးခွန်းကို ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ၁၉၇၆ ခုနှစ်မှ ၂၀၀၂ ခုနှစ်အတွင်း မူးယစ်ဆေးစွဲကုသဌာနကြီး ခြောက်ခု၊ မူးယစ်ဆေးစွဲကုသဌာနငယ် ၁၈ ခု စုစုပေါင်း ၂၄ ခု ဖွင့်လှစ်

ထားရှိခဲ့ပြီးတော့ ၂၀၀၂ ခုနှစ်၊ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၀၂) နှင့် (၅/၂၀၀၂)တို့ဖြင့် မူးယစ်ဆေးစွဲကုသဌာနကြီး ၂၀ ခုနှင့် မူးယစ်ဆေးစွဲကုသဌာနငယ် ၂၂ ခုတို့အား တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ၂၀၀၃ ခုနှစ်မှာ မူးယစ်ဆေးစွဲကုသဌာနကြီး ၂၆ ခု၊ ဆေးစွဲကုသဌာနငယ် ၄၀ ခု စုစုပေါင်း ၆၆ ခု ဖွင့်လှစ်ပေးခဲ့ပါတယ်။ အမိန့်ကြော်ငြာစာ၌ မူးယစ်ဆေးစွဲကုသဌာနအဖြစ် ဖွင့်လှစ်ထားခြင်းမရှိသော်လည်းပဲ မြို့နယ်များနှင့် နယ်စပ်ဆေးရုံ ၄၉ ရုံတို့မှာ ဌာနအနေနဲ့ မဖွင့်လှစ်သော်လည်း မူးယစ်ဆေးစွဲကုသရေးအတွက် ဝန်ဆောင်မှုပေးနိုင်ရန် တစ်ပါတည်းအမိန့်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။

ဒင်းအပြင် ၂၀၁၄ ခုနှစ်မှာ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များနှင့် မူးယစ်ဆေးစွဲသုံးစွဲမှုဆိုင်ရာ မြေပြင်စာရင်းဇယားများအပေါ်မှာ မူတည်ပြီးတော့ ၇-၁-၂၀၁၄ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၄) ထုတ်ပြန်ပြီး မူးယစ်ဆေးစွဲကုသဌာနငယ် ၇ ခု တိုးချဲ့ဖွင့်လှစ်ပါတယ်။ သို့ဖြစ်ပါ၍ ယနေ့အထိ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ခဲ့သော မူးယစ်ဆေးစွဲကုသဌာနကြီး ၂၆ ခု၊ ဆေးစွဲကုသဌာနငယ် ၄၇ ခု စုစုပေါင်း ၇၃ ခုအား လုပ်ငန်းလိုအပ်ချက်အရ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ မူးယစ်ဆေးစွဲကုသဌာနကြီး ၂၆ ခုစာရင်းကတော့ မြစ်ကြီးနား၊ ဗန်းမော်၊ လွိုင်ကော်၊ ဘားအံ၊ ဟားခါး၊ မုံရွာ၊ ကလေး၊ မြိတ်၊ ထားဝယ်၊ ပြည်၊ ပဲခူး၊ တောင်ငူ၊ မကွေး၊ ပခုက္ကူ၊ မန္တလေး၊ မိတ္ထီလာ၊ ကျောက်ဆည်၊ မော်လမြိုင်၊ စစ်တွေ၊ ရန်ကုန်၊ တောင်ကြီး၊ လွိုင်လင်၊ လားရှိုး၊ ကျိုင်းတုံ၊ ပုသိမ်၊ ဟင်္သာတမြို့နယ်နှင့် မူးယစ်ဆေးစွဲရောဂါကုဌာနငယ် ၄၇ ခုကတော့ ပူတာအို၊ မိုးကောင်း၊ မိုးမောက်၊ မိုးညှင်း၊ ဖားကန့်၊ ဝိုင်းမော်၊ မြဝတီ၊ တမူး၊ ရွှေဘို၊ ဟုမ္မလင်း၊ ထီးချိုင့်၊ ခန္တီး၊ ကန့်ဘလူ၊ အင်းတော်၊ ကသာ၊ ဝန်းသို၊ ကျွန်းလှ၊ ပင်လယ်ဘူး၊ ဗန်းမောက်၊ ကောလင်း၊ မော်လိုက်၊ ကော့သောင်း၊ သာယာဝတီ၊ ပြင်ဦးလွင်၊ မိုးကုတ်၊ ပျဉ်းမနား၊ မြင်းခြံ၊ မိုင်းရှူး၊ ကလော၊ ခိုလမ်(နမ့်စန်)၊ မိုးမိတ်၊ ကျောက်မဲ၊ မူဆယ်၊ နမ့်ခမ်း၊ မုံးကိုး၊ ကွတ်ခိုင်၊ ပန်ဆန်း၊ လောက်ကိုင်၊ ကွမ်းလုံ၊ နမ့်ဆန်၊ မန်တုံ၊ ကွန်ဟိန်း၊ မိုင်းဆတ်၊ မိုင်းယန်း၊ တာချီလိတ်၊ မိုင်းဖြတ်၊ မိုင်းယောင်းမြို့နယ်တို့ပဲဖြစ်ပါတယ်။

ဘိန်းအမျိုးအစား အာနိသင်ရှိတဲ့ ဟီးရိုအင်းကဲ့သို့သော မူးယစ်ဆေးသုံးစွဲသူများအကြား မသန့်ရှင်းသော ဆေးထိုးအပ်များဖြင့် သွေးကြောတွင်း ထိုးသွင်းရာမှ အိပ်ချ်အိုင်ဗွီပိုးနှင့် အသည်းရောင်အသားဝါ စီပိုးကဲ့သို့ ရောဂါများပြန့်နှံ့မှု လျော့နည်းပပျောက်ရေးအတွက် မက်သာဒုံးဆေးရည် အစားထိုးတိုက်ကျွေးရေးစီမံချက်ကို ၂၀၀၆ ခုနှစ်မှစတင်၍ မူးယစ်ဆေးစွဲကုသဌာန ၄ ခုမှာ ရှေ့ပြေးစမ်းသပ်ဆောင်ရွက်ခဲ့ပြီး ယခု ၂၀၁၅ ခုနှစ်မှာ မက်သာဒုံးဆေးရည် တိုက်ကျွေးတဲ့ဌာနပေါင်း ၄၁ ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ မက်သာဒုံးဆေးရည် တိုက်ကျွေးရေးဌာနတိုင်းသည် မူးယစ်ဆေးစွဲ

မူကြမ်း

ကုသဌာနများဖြစ်ရန်မလိုအပ်ဘဲ လိုအပ်ချက်အရ စီမံချက်ရေးဆွဲဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ယနေ့ လက်ရှိအချိန်အားဖြင့် မက်သာဒုံး ဆေးရည်တိုက်ကျွေးရေးဌာနများမှာ မူးယစ်ဆေးစွဲသူပေါင်း ၉၀၈၀ ဦးအား မက်သာဒုံးဆေးရည်ဖြင့် နေ့စဉ်အစားထိုး တိုက်ကျွေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြခဲ့တဲ့ မွန်ပြည်နယ်၊ ရေးမြို့နယ်နှင့် ရေးမြို့နယ်အတွင်းမှာရှိတဲ့ ခေါဇာ၊ လမိုင်းဒေသများမှာ သီးခြားမူးယစ်ဆေးစွဲဌာနအနေနဲ့ မဖွင့်လှစ်သေးဘဲနဲ့ ယင်းဒေသမှာရှိတဲ့ မူးယစ်ဆေးစွဲသုံးစားသူများရဲ့ မြေပြင်စာရင်းဇယား၊ သုံးစွဲသည့်ဆေးအမျိုးအစား၊ သုံးစွဲပုံ၊ သုံးစွဲနည်းများ အပေါ်မှာမူတည်၍ သက်ဆိုင်ရာမြို့နယ်ဆေးရုံများမှာ ကုသနိုင်ရန် စီမံဆောင်ရွက်ပေးနိုင်ပါတယ်။ လိုအပ်တဲ့ ဆေးဝါးနှင့် ကုသရေးနည်းစနစ်များလည်း ကျန်းမာရေးဝန်ကြီးဌာနမှာ အသင့်ရှိပါသဖြင့် ဒေသလိုအပ်ချက်များကို ကွင်းဆင်းစိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ရှိပါတယ်။

**နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှုများကို အဓိကဖြေရှင်းရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် မည်သို့သောစနစ်ဖြင့် အရေးယူဆောင်ရွက်နေပါသနည်းနှင့် ယနေ့ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှု အောင်မြင်မှုရှိ/မရှိတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နဲ့ပတ်သက်တဲ့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပြီးတော့ ဒီမေးခွန်းဟာ ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်နေ့က တင်ပြထားတဲ့မေးခွန်းဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနေနဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ ဆောင်ရွက်နေတဲ့ကာလဖြစ်ပါတယ်။ အမှန်တကယ်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကစိန်ခေါ်မှုကတော့ အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှုပဲ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှုတွေကို အဓိကဖြေရှင်းဖို့လိုအပ်ပါတယ်။ ဒီအတွက် အစိုးရသစ်ပေါ်ထွန်းလာတဲ့အချိန်ကစပြီးတော့ သန့်ရှင်းတဲ့အစိုးရဖြစ်ပေါ်လာစေဖို့အတွက် နည်းပေါင်းစုံနဲ့ဆောင်ရွက်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး

ကော်မရှင်ဖွဲ့စည်းခြင်း၊ အမိန့်တွေ၊ ညွှန်ကြားချက်တွေ ထုတ်ပြန်ပြီးတော့ ထိန်းကျောင်းခြင်းများကို ဆောင်ရွက်ခဲ့တဲ့အတွက်များစွာ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ဒါပေမဲ့လို့ လက်တွေ့အခြေအနေမှာ ကိန်းဂဏန်းတွေကို အဓိကမထားဘဲနဲ့ လေ့လာမယ်ဆိုရင် နိုင်ငံတော်အတွင်းမှာ အဂတိလိုက်စားမှုဟာ လျော့နည်း ပပျောက်သွားတဲ့နေရာတွေရှိသလို အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှုပြုနေတဲ့ ဌာနတော်တော်များများဟာလည်း တိုးပွားလာတာကို လေ့လာတွေ့ရှိရပါတယ်။ ယနေ့ ဒီအချိန်မှာ နေရာတိုင်း အဆင့်တိုင်း နီးပါးလောက် ပြုမူလာတာကိုလည်း ဝမ်းနည်းဖွယ်တွေ့မြင်ရမှာ ဖြစ်ပါတယ်။ သူတို့ရဲ့ ပိုင်ဆိုင်မှုတွေဟာ ငါးနှစ်တာကာလအတွင်းမှာ သိသာထင်ရှားတဲ့ တိုးပွားမှုတွေဖြစ်လာတာကိုလည်း လက်တွေ့ကျကျ တွေ့မြင်လာရပါတယ်။ ကော်မရှင်ရဲ့လုပ်ဆောင်မှုကို လေ့လာကြည့်ရင် လုပ်ပိုင်ခွင့်အားနည်းမှုကြောင့် လုပ်ငန်းများတိုးတက်အောင်မြင်မှုမရှိတာလို့ ပြည်သူတွေကလည်း သုံးသပ်နေတာကို ကြားသိရပါတယ်ခင်ဗျား။ ဒီအတွက်ကြောင့် ကော်မရှင်ရဲ့လုပ်ဆောင်မှုတွေကို ပြည်သူများသိစေလိုချင်တဲ့ဆန္ဒနဲ့ မေးလိုတဲ့မေးခွန်းကတော့(၁) အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အနေနဲ့ အဆိုပါကိစ္စများကို မည်သို့သောစနစ်နဲ့အရေးယူဆောင်ရွက်နေပါသလဲ။ တိုင်ကြားစာရမှ စစ်ဆေးပါသလား။ သတင်းအရ စစ်ဆေးပါသလား။(၂) ယခုထက်ပိုမိုတဲ့အဂတိလာဘ်စားမှု၊ လာဘ်ပေးလာဘ်ယူမှုကို ထိရောက်စွာ တိုက်ဖျက်နိုင်ဖို့အတွက် ယခင်ကျင့်သုံးခဲ့ဖူးတဲ့ ပိုင်ဆိုင်မှု စစ်တမ်းကောက်ယူမှုစနစ်ကို ကျင့်သုံးဖို့အစီအစဉ်ရှိပါသလား။ (၃)ယနေ့ ကော်မရှင်ရဲ့လုပ်ငန်းဆောင်ရွက်မှုကို အောင်မြင်မှုရှိ/မရှိ မည်သို့သုံးသပ်ပါသလဲ။(၄) ပြည်သူကြားမှာ ထိရောက်အောင်မြင်မှုမရှိကြောင်းနှင့် အားရကျေနပ်ဖွယ်မရှိကြောင်း ဝေဖန်ပြောဆိုနေသည်ကို မည်သို့ဖြေရှင်းလိုပါသလဲ မေးခွန်းများဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြဝင်း(ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ် ။ ကျွန်တော်ကတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးမြဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးမှ မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို ပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးဆုံးမေးခွန်းဖြစ်တဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုကိစ္စများကို မည်သို့သောစနစ်ဖြင့် အရေးယူဆောင်ရွက်နေပါသလဲ၊ တိုင်ကြားစာရမှ စစ်ပါသလား၊ သတင်းအရစစ်ပါသလား မေးခွန်းနှင့်ပတ်သက်လို့ ဖြေကြားရမယ်ဆိုရင် ကျွန်တော်တို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဟာ တိုင်စာများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနဲ့အညီ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၂၁ နဲ့ ပုဒ်မ ၄၃ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က တာဝန်ပေးအပ်သည့်အခါတွင်လည်းကောင်း၊ နစ်နာသူက တိုင်ကြားလာသည့်အခါတွင်လည်းကောင်း၊ ဥပဒေပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက် (ခ) ရပ်နှင့် ငြိစွန်းမှုမရှိတဲ့အခါမှာ စစ်ဆေးမှုပြုလုပ်ရပါတယ်။ သတင်းကြားရုံသက်သက်နဲ့ စုံစမ်းစစ်ဆေးခြင်းပြုနိုင် ကြောင်း ဥပဒေမှာ ပြဋ္ဌာန်းပေးထားခြင်းမရှိတဲ့အခြေအနေအား သိရှိနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ ယခုထက်ပိုမိုသော အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုကို ထိရောက်စွာတိုက်ဖျက်နိုင်ရန် ယခင်ကျင့်သုံးခဲ့ဖူးသော ပိုင်ဆိုင်မှုစစ်တမ်းကောက်ယူမှုကို ကျင့်သုံးရန်အစီအစဉ်ရှိပါသလားဆိုတဲ့ မေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားရမယ်ဆိုရင် လောလောဆယ်မှာ ပိုင်ဆိုင်မှုစစ်တမ်းကောက်ယူမှုကို ကျင့်သုံးရန်မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၇ နှင့် ပုဒ်မ ၄၈ မှာ လုပ်ပိုင်ခွင့် အာဏာရှိသူများ၏ မိသားစုပိုင်ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များ ပိုင်ဆိုင်မှုများနှင့် စပ်လျဉ်းပြီး ကော်မရှင်က သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများထံမှ တောင်းခံစိစစ်ပြီး အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ဒါပေမဲ့ ဒီပြဋ္ဌာန်းချက်မှာပါတဲ့ လုပ်ငန်းများမှာ ကြီးမားကျယ်ပြန့်တာကြောင့် လုပ်ထုံးလုပ်နည်းနှင့်ပုံစံများ စနစ်တကျသတ်မှတ်ထားရှိမှုမရှိဘဲနဲ့ လုပ်ကိုင်၍ မရနိုင်ပါဘူးခင်ဗျား။ နည်းဥပဒေမှာထည့်သွင်းရေးဆွဲပြီးမှသာ အဲဒီလုပ်ငန်းကို လုပ်ကိုင်နိုင်မှာဖြစ်တာကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေကို ရေးဆွဲခဲ့တဲ့နေရာမှာ ၁၀-၇-၂၀၁၅ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ အဂတိ

လိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၇ ပုဒ်မခွဲ (က)နဲ့အညီ ၂၇-၇-၂၀၁၅ ရက်နေ့မှာ လွှတ်တော်သို့ဖြန့်ဝေတင်ပြထားပြီးဖြစ်ရာ ပယ်ဖျက်ရန်သို့မဟုတ် ပြင်ဆင်ရန်မရှိပါက အဲဒီကိစ္စရပ်များကို နည်းဥပဒေပါ သတ်မှတ်ချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တတိယမေးမြန်းထားတဲ့ ယနေ့ကော်မရှင်ဆောင်ရွက်မှုသည် အောင်မြင်မှုရှိ/မရှိ မည်ကဲ့သို့သုံးသပ်ပါသလဲဆိုတဲ့ မေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားရမယ်ဆိုရင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်စတင်ဖွဲ့စည်းသည့်နေ့မှ ယနေ့အထိ တရားစွဲဆိုအရေးယူခဲ့တဲ့ ပုဂ္ဂိုလ်ကိုးဦးရှိပါတယ်။ ဝန်ထမ်းစည်းကမ်းစည်းမျဉ်းအရ အရေးယူခဲ့တဲ့ ပုဂ္ဂိုလ် ၁၂၅ ဦးရှိပြီးတော့ လက်ရှိစုံစမ်းစစ်ဆေးနေဆဲ ကိစ္စရပ်သုံးခုရှိပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးပို့ပြီးတော့ ဖြေရှင်းဆောင်ရွက်ပေးတဲ့အတွက် ပြေလည်သွားတဲ့ ကိစ္စရပ် ၃၁ ခုရှိပါတယ်။ နိုင်ငံတော်ကို ပြန်လည်သွင်းငွေပေါင်းမှာ ကျပ် ၂၀၆၈၅၀၀၀ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ တိုင်စာများကို ကျွန်တော်တို့ကော်မရှင်က တိုက်ရိုက်စစ်ဆေးတရားစွဲဆို အရေးယူခြင်းနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့်လည်းကောင်း၊ ဌာနဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ၎င်းအပြင် ကျွန်တော်တို့ကော်မရှင်အနေနဲ့ နေပြည်တော်မှာရှိတဲ့ ပြည်ထောင်စုဝန်ကြီးဌာန ၃၀ ခုနဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များတည်ရှိတဲ့ မြို့ကြီးများမှာရှိတဲ့ ဝန်ထမ်းအဖွဲ့အစည်းများအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာဟောပြောမှုများပြုလုပ်နိုင်ခဲ့ခြင်းတို့ကြောင့် ကော်မရှင်ရဲ့လုပ်ငန်းဆောင်ရွက်မှုသည် အထိုက်အလျောက် အောင်မြင်မှုရှိကြောင်း သုံးသပ်တင်ပြအပ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ စတုတ္ထမေးခွန်းဖြစ်တဲ့ ပြည်သူများကြားမှာ ထိရောက် အောင်မြင်မှုမရှိကြောင်းနှင့် အားရကျေနပ်ဖွယ်မရှိကြောင်း ပြောဆိုဝေဖန်နေသည်ကို မည်သို့ ဖြေရှင်းဆောင်ရွက်လိုပါသလဲဆိုတဲ့ မေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားရမယ်ဆိုရင် ကျွန်တော်တို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့မှာ စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ရာ ကော်မရှင်ရုံးကိုလည်း အဲဒီအချိန်ကစပြီး ဖွင့်လှစ်တည်ထောင်ခဲ့ရတာဖြစ်ပါတယ်။ ရုံးအဖွဲ့အစည်းတည်ထောင်မှုကို တစ်ဖက်တစ်လမ်းက လုပ်ကိုင်ရင်းနဲ့ တိုင်စာများကိုလည်း စတင်လက်ခံဆောင်ရွက်ခဲ့ရပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းဟာ ကျွမ်းကျင်မှုရှိသော ဝန်ထမ်းများဖြင့်

လုပ်ကိုင်ရသော လုပ်ငန်းဖြစ်တဲ့အလျောက် ဒီလိုလုပ်မှသာ အောင်မြင်မည်ဖြစ်တဲ့အတွက် ကျွမ်းကျင်ဝန်ထမ်းများရရှိရေးအတွက် ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဆက်တိုက်ဖွင့်လှစ်ပို့ချပေးခဲ့ရပါတယ်။ သန္ဓေဝန်ထမ်းမရခင် ကာလအတွင်းမှာ ကျွန်တော်တို့ရဲ့လုပ်ငန်းများလည်ပတ်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများရဲ့ အကူအညီများနဲ့ တောင်းခံဆောင်ရွက်ခဲ့ရပါတယ်။ တစ်ချိန်တည်းမှာပဲ တိုင်စာများစိစစ်ခြင်း၊ စစ်ဆေးခြင်း လုပ်ငန်းများကို ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရပါတယ်။ ဥပဒေပြဋ္ဌာန်းချက်များကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရန် အတွက် နည်းဥပဒေတစ်ရပ်ရှိရမည်ဖြစ်ရာ နည်းဥပဒေမူကြမ်းကိုလည်း တစ်ပြိုင်တည်း ကြိုးပမ်းရေးဆွဲခဲ့ပါတယ်။ တစ်ဖက်မှာလည်း ဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ(ည)အရ ပြည်ထောင်စုဝန်ကြီးဌာနများရဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိဝန်ထမ်းများနဲ့ ပြည်သူလူထုအဖွဲ့အစည်းများကို ပညာပေးဟောပြောမှုများ ပြုလုပ်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ အဲဒီကွန်ဗင်းရှင်းမှာပါတဲ့ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် တာဝန်ရှိပါတယ်။ ဒါကြောင့်မို့ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနဲ့ပတ်သက်လို့ မိမိနိုင်ငံက အခြားနိုင်ငံအပေါ် သုံးသပ်ခြင်းနှင့် မိမိနိုင်ငံအပေါ် အခြားနိုင်ငံက သုံးသပ်ခြင်းလုပ်ငန်းကိုလည်း ကျွန်တော်တို့ ကော်မရှင်အနေနဲ့ ၂၀၁၅ ခုနှစ်အတွင်းမှာ ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတင်ပြဋ္ဌာန်းပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်တဲ့အတွက် အခြေခံအုတ်မြစ်ကို ခိုင်ခိုင်မာမာချနေရတဲ့ သဘောဖြစ်ပါတယ်။ ဒါကြောင့်မို့ အခြေခံအုတ်မြစ်ပြည့်စုံမှသာ ရေရှည်လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းကိုလည်း အားလုံးသဘောပေါက်နားလည်နိုင်မည်ဟု ယုံကြည်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ကျွန်တော့်ကို ထပ်ဆင့်မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ ကော်မရှင်ဥက္ကဋ္ဌကြီးရဲ့ အသေးစိတ် ရှင်းလင်းဖြေကြားချက်များအပေါ်မှာ အားလုံးကျွန်တော်တို့သိရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကော်မရှင်ဥက္ကဋ္ဌကြီးရဲ့ဖြေကြားချက်မှာ ပါရှိတဲ့ အတိုင်းပဲ (၁) ကော်မတီရဲ့သက်တမ်းကာလက လည်း လိုပါသေးတယ်။ အလားတူပဲ ရေးဆွဲထားတဲ့ ဥပဒေ၊ နည်းဥပဒေများလည်း ပေါ်ထွန်းလာစဖြစ်ပါတယ်။ လက်တွေ့လုပ်ငန်းကျွမ်းကျင်တဲ့သူများလည်း မပြည့်စုံကြောင်းတွေ့ရှိရပါတယ်။ ကျွန်တော် မေးလိုတဲ့မေးခွန်းကတော့ ယနေ့ လွှတ်တော်

မူကြမ်း

ကာလမှာ ထုတ်ပြန်ခဲ့တဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ၊ နည်းဥပဒေနဲ့ပတ်သက်ပြီးတော့ ကော်မရှင်ဥက္ကဋ္ဌကြီး လက်တွေ့လုပ်ငန်းဆောင်ရွက်တဲ့အခါမှာ တွေ့ရှိရတဲ့အခက်အခဲတွေရှိပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီးတော့ လိုအပ်ချက်တွေကို ပြန်လည်ပြင်ဆင်တင်ပြဖို့ အစီအစဉ်ရှိ/မရှိ သိလိုကြောင်း မေးမြန်းတင်ပြအပ်ပါတယ်။

**ဦးမြဝင်း(ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်)။** ။ ဥပဒေပိုင်းနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးထားတဲ့ ဥပဒေပိုင်းနဲ့ပတ်သက်လို့ကတော့ ကျွန်တော်တို့ ကော်မရှင်အနေနဲ့ လိုအပ်ချက်များကို လေ့လာသုံးသပ်ချက်အပိုင်းဆောင်ရွက်ထားတာရှိပါတယ်။ ဒီဥပဒေနဲ့ပတ်သက်လို့ကတော့ ကျွန်တော်တို့အခု လွှတ်တော်ကို တင်ပြထားတာဖြစ်တဲ့အတွက် လွှတ်တော်ကပြန်လာတဲ့ အချိန်မှ အခြေအနေပေါ် မူတည်ပြီးတော့ ကျွန်တော်တို့က ဒီဟာပေါ်မှာ သုံးသပ်ချက်နဲ့ ဆောင်ရွက်ခြင်းအပိုင်းကို ဆောင်ရွက်နိုင်မယ်ဆိုတဲ့အကြောင်း တင်ပြအပ်ပါတယ်။ အခုကတော့ တင်ပြ နေတုန်းကာလဖြစ်ပါသည်ဖြစ်ကြောင်းကိုလည်း တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ကျေးဇူးတင်ပါတယ်။

**မွန်ပြည်နယ်ရှိ ဘီးလင်းသကြားစက်ရုံနှင့်ပတ်သက်၍ စက်မှုဝန်ကြီးဌာနအနေဖြင့် လက်ရှိနှစ်ရှည်စာချုပ်ဖြင့် AIG Co.,Ltd ၏မျက်ကွယ်ပြုမှုများအတွက် အရေးယူဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဘီးလင်းသကြားစက်ပုံမှန်လည်ပတ်နိုင်ရေးအတွက် မည်သို့စီမံဆောင်ရွက်မည်ကို သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ ။** ။ ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(ဘီးလင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်ဘီးလင်းမြို့နယ်မှာရှိနေတဲ့ ကြံစိုက်ပျိုးသူ တောင်သူတွေနဲ့ ဘီးလင်းသကြားစက်နဲ့ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ မွန်ပြည်နယ်ဘီးလင်းသကြားစက်အား ဘီးလင်းမြို့နယ်၊ ကျိုက်ထိုမြို့နယ်၊ သထုံမြို့နယ်တွေမှာရှိတဲ့ ဒေသခံကြံတောင်သူတွေရဲ့ အဓိကအားထားခဲ့တဲ့ နိုင်ငံပိုင်စက်ရုံကြီးတစ်ခု ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် နိုင်ငံတော်ရဲ့ မူဝါဒပြောင်းလဲပြီးတော့ ပုဂ္ဂလိကတွေနဲ့အကျိုးတူပူးပေါင်း ဆောင်ရွက်တဲ့မူဝါဒနဲ့ ပထမဦးဆုံးအကြိမ် ဘီးလင်းသကြားစက်ကို ရွှေသံလွင်ကုမ္ပဏီကို ၂၀၁၁ ခုနှစ် ၉ လပိုင်းမှာ ၁၀ နှစ်စာချုပ်နဲ့ ငှားရမ်းခဲ့ပါတယ်။ ရွှေသံလွင်

ကုမ္ပဏီက တစ်နှစ်သာစက်လည်ပတ် ပြီးတော့ စက်ကိုအကြီးစားပြင်ဆင်မယ်ဆိုတဲ့အကြောင်းပြချက်နဲ့ ၂ နှစ်အချိန်ယူပြီးတဲ့အချိန်မှာ ကုမ္ပဏီရဲ့လုပ်ငန်းဆောင်ရွက်မှုတွေ ပြန်လည်မလုပ်နိုင်တော့ဘူး ဆိုပြီးတော့ ၇ လပိုင်း ၂၀၁၄ ရက်နေ့မှာ ငှားရမ်းပြီး ၃ နှစ်အကြာမှာ နိုင်ငံတော်ကို ပြန်အပ်ခဲ့ပါတယ်။ ဒုတိယအကြိမ် AIG ကုမ္ပဏီကို နိုင်ငံတော်ပိုင်စက်ရုံကနေပြီးတော့ AIG ကုမ္ပဏီကို ဒုတိယအကြိမ် ထပ်မံပြီးတော့ ၂၀၁၄ ခုနှစ် ၈ လပိုင်းမှာ နှစ်ရှည်ငှားရမ်းစာချုပ်နဲ့ချုပ်ဆိုခဲ့ပါတယ်။ AIG ကုမ္ပဏီရဲ့လုပ်ဆောင်ချက်တွေအရ လောလောဆယ်မှာ သကြားစက်မှာရှိတဲ့ ဝန်ထမ်း ၆၂ ဦးအား ၂၀၁၅ ခုနှစ် ဇွန်လကနေစပြီးတော့ အောက်တိုဘာလအထိ လုပ်ခလစာ မရသေးပါဘူး။ ပြီးလို့ရှိရင် မျိုးကျန်ထုတ်လုပ်မယ်ဆိုပြီးတော့ ကြံစိုက်သူတောင်သူ ၁၃၀ အတွက် ကြံစိုက်ဧက ၂၇၅ ဧကကျော် အတွက် မျိုးကျန်များပြန်လည်ပေးသွင်းမယ်ဆိုပြီး ပြန်လည်ကောက်ယူပါမယ်ဆိုတဲ့ကတိစာချုပ်နဲ့ မျိုးကျန်တွေ ကြံတောင်သူတွေကို စိုက်ခိုင်းခဲ့တာလည်းရှိပါတယ်။ ဒါပေမဲ့ လက်ရှိအခြေအနေမှာ AIG ကုမ္ပဏီဟာ ဒီမျိုးကျန်တွေကို ပြန်လည်ပြီးတော့ ကောက်ယူမယ့်အနေအထားလည်းမရှိတဲ့အတွက် စာချုပ်ပါ စည်းကမ်းတွေအတိုင်း ကြံတောင်သူတွေအပေါ်မှာ ဆောင်ရွက်နိုင်စွမ်းရှိတော့မှာ မဟုတ်တာကို သိရပါတယ်။ နောက်ပြီးတော့ ဘယ်လောက်အထိ ဆိုးလာတဲ့အခြေအနေလည်းဆိုရင် AIG ကုမ္ပဏီဟာ နိုင်ငံတော်အစိုးရနှင့် အစိုးရကိုယ်စား ပြည်ထောင်စုစက်မှုဝန်ကြီးဌာနနှင့် စာချုပ်ချုပ်ထားပြီးတော့ နှစ်ရှည်စာချုပ်ချုပ်ထားတဲ့ ကုမ္ပဏီတစ်ခုဟာ နိုင်ငံတော်ကို ပေးသွင်းရမယ့် လျှပ်စစ်ဓာတ်အားခ မြန်မာ့လျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်းကို ပေးသွင်းရမယ့်လျှပ်စစ် ဓာတ်အားခပေါင်း ၂၀၁၅ ခုနှစ် မေလကနေစပြီး မပေးသွင်းနိုင်တဲ့အခြေအနေမျိုးတွေရှိနေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် သိချင်တာက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ဘီးလင်း သကြားစက်နှင့်ပတ်သက်ပြီး လက်ရှိနှစ်ရှည်စာချုပ်နှင့်ချုပ်ဆိုထားတဲ့ AIG ကုမ္ပဏီလီမိတက်ရဲ့ မျက်ကွယ်ပြုမှုတွေအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက အရေးယူဆောင်ရွက်ထားမှု အခြေအနေတွေကို သိရှိလိုပါတယ်။ မေးခွန်း(၂) ကြံစိုက်ပျိုးသူတောင်သူတွေရဲ့ မှီခိုအားထားရတဲ့ ဘီးလင်းသကြားစက်ကြီးကို ပုံမှန်လည်ပတ်နိုင်ရေးအတွက် တိကျမှန်ကန်တဲ့ စီမံချက်များ ဆောင်ရွက်ရန် မည်ကဲ့သို့ စီရင်ဆောင်ရွက်ထားသလဲဆိုတာ သိရှိလိုပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်ဝပါစေလို့ နှုတ်ခွန်းဆက်ပါတယ်။ အခု အစည်းအဝေးမှာ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးအောင်ရဲ့ မေးမြန်းချက်နှင့်ပတ်သက်ပြီးတော့ ကျွန်တော် ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းကြီးကြပ်မှုအောက်မှာရှိတဲ့ ဘီးလင်းသကြားစက်ရုံကို ၁၉၆၆ ခုနှစ်က စပြီးတော့ စက်ရုံလည်ပတ်ထုတ်လုပ်ခဲ့ပါတယ်။ ၁၉၈၃-၁၉၈၄ ခုနှစ်မှာတော့ အကြီးစားပြင်ဆင်မွမ်းမံခဲ့ပါတယ်။ သကြားစက်ရုံရဲ့သက်တမ်းကြာမြင့်တာနှင့်အမျှ အကြီးစားမွမ်းမံပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိဘဲနဲ့ နှစ်စဉ်ပုံမှန်လည်ပတ်ဆောင်ရွက်ခဲ့ရတဲ့အတွက်ကြောင့် စက်ရဲ့ စက်စွမ်းအားများကလည်း ကျဆင်းလာပြီးတော့ သကြားအထွက်နှုန်းများကလည်း လျော့နည်းလာပြီးတော့ အရှုံးပေါ်တဲ့ စက်ရုံတစ်ရုံ ဖြစ်ပေါ်ခဲ့ပါတယ်။ ဒါကြောင့် ဒီဘီးလင်းသကြားစက်ရုံကို နိုင်ငံတော်ကနေပြီးတော့ ရင်းနှီးမြှုပ်နှံမှုထပ်မံဆောင်ရွက်မယ့်အစား ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ဆောင်ရွက်သင့်သော လုပ်ငန်းဖြစ်တဲ့အတွက်ကြောင့် ပုဂ္ဂလိကပြုလုပ်ရေးကော်မရှင်ကို တင်ပြပြီးတော့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးဆောင်ရွက်ခဲ့ပေမယ့်လည်း တင်ဒါအောင်မြင်ခြင်းမရှိခဲ့ပါဘူး။ ဒါကြောင့် မြန်မာ့ဆေးဝါးလုပ်ငန်းအနေနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ နှစ်စဉ်ငှားရမ်းဆောင်ရွက်နိုင်ရေးအတွက် ကျွန်တော်တို့ ဆောင်ရွက်ခဲ့တဲ့အခါမှာ ၁-၉-၂၀၁၁ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၁)ရဲ့ ခွင့်ပြုချက်အရ ရွှေသံလွင်ဟိုက်ဝေးကုမ္ပဏီလီမိတက်ကို စာချုပ်ချုပ်ဆိုငှားရမ်းဆောင်ရွက်ခဲ့ပါတယ်။ ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်အနေဖြင့် စတင်ငှားရမ်းခဲ့တဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ကြံရာသီမှာတော့ စက်ရုံကိုလည်ပတ်ခဲ့ပြီးတော့ ၂၀၁၂ ခုနှစ်ကစပြီးတော့ အကြီးစားပြင်ဆင်မွမ်းမံရန်ဆိုပြီးတော့ ကျွန်တော်တို့ခွင့်တောင်းပြီးတော့ ၂ နှစ်သတ်မှတ်ပြီးတော့ ယာယီစက်များကို ရပ်နားခွင့်တင်ခဲ့ပါတယ်။ သို့သော်လည်း ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်က အကြီးစားပြင်ဆင်နိုင်ခြင်းမရှိပါဘူး။ ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်က ဘီးလင်းသကြားစက်ရုံကိုငှားရမ်းထားတဲ့ ဝန်ထမ်းလစာတွေအတွက် အခက်အခဲရှိတဲ့အတွက်ကြောင့် ၂၇-၁-၂၀၁၃ ရက်နေ့မှာတစ်ကြိမ်၊ ၁၃-၂-၂၀၁၃ ရက်နေ့မှာတစ်ကြိမ် ပြန်လည်အပ်နှံခွင့်ပြုရန် တင်ပြခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့ပုဂ္ဂလိကကုမ္ပဏီများကို ထပ်မံပြီးတော့စက်ရုံငှားရမ်းရေးအတွက် ကျွန်တော် တင်ဒါခေါ်

ယူခဲ့ပါတယ်။ တင်ဒါတင်သွင်းသူ ၂ ဦးရှိခဲ့ပါတယ်။ အဲဒီထဲကနေပြီးတော့ ၃၁-၇-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၁၅/၂၀၁၄)ရဲ့ ခွင့်ပြုချက်အရ တင်ဒါအောင်မြင်တဲ့ Agro Innovation Group Public Co.,Ltd သို့ ၁-၈-၂၀၁၄ ရက်နေ့က စပြီးတော့(၂၅+၅+၅)နှစ် သက်တမ်းနဲ့ တစ်နှစ်ကို ငှားရမ်းခကျပ်သန်း(၅၀)ဖြင့် နောင်ရိုးကြံစိုက်ကွင်း ၁၃၅၅.၀ ဧက အပါအဝင် ဘီးလင်းသကြားစက်ရုံကို စာချုပ်ချုပ်ဆိုပြီးတော့ ငှားရမ်းပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။

ဘီးလင်းသကြားစက်ရုံအနေနှင့် ကုန်ကြမ်းရရှိရေးအတွက် ၃ နှစ်ခန့်အချိန်ယူဆောင်ရွက်ရမည်ဖြစ်တဲ့အတွက်ကြောင့် Agro Innovation Group Public Co.,Ltd အနေဖြင့် မျိုးကြံကုန်ကြမ်းရရှိရေးအတွက် ဒေသခံကြံတောင်သူများနှင့်လည်းကောင်း၊ စက်ရုံပိုင် နောင်ရိုးစိုက်ကွင်းတွင်လည်းကောင်း၊ ကြံစိုက်ပျိုးမှုများကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ Agro Innovation Group Public Co.,Ltd အနေဖြင့် ကြံစိုက်ပျိုးရေးအတွက် ဒေသခံတောင်သူများကို ၁ ဧကကို ၂၇၆၀၀၀ ကျပ်နှင့် စိုက်ပျိုးစရိတ်ချေးငွေတွေကို ပေးခဲ့ပြီးတော့ စိုက်ပျိုးဧက ၂၇၅ ဧကအတွက် ၇၅.၉ သန်းကို ကုမ္ပဏီကစိုက်ထုတ်ပေးပြီးတော့၊ ချေးပြီးတော့ စိုက်ပျိုးစေသကဲ့သို့ပဲ နောင်ရိုးစိုက်ကွင်းကိုလည်း ကြံစိုက်ပျိုးရန်စီမံဆောင်ရွက်ခဲ့ပါတယ်။ သို့သော်လည်း စက်ရုံပိုင်စိုက်ကွင်းအတွင်းမှာ ဒေသခံရွာသားများမှကျူးကျော်ခြင်း၊ နှောက်ယှက်ခြင်းများကြောင့် ဒီကုမ္ပဏီဟာဆိုရင် သတ်မှတ်တဲ့ စိုက်ပျိုးဧကပြည့်မီအောင် စိုက်ပျိုးနိုင်ခြင်းမရှိဘဲ အခက်အခဲများနှင့် ကြုံတွေ့လာခဲ့ရပါတယ်။

ဒီနောင်ရိုးကြံစိုက်ကွင်း ကျူးကျော်မှုများနှင့်ပတ်သက်ပြီးတော့ ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြညှိနှိုင်းဆောင်ရွက်တဲ့အခါမှာ ပြည်နယ်အစိုးရအဖွဲ့က တာဝန်ရှိသူများ ကွင်းဆင်းပြီးတော့ ဆောင်ရွက်ပေးခဲ့သော်လည်း ကျူးကျော်မှုများဆက်လက်ရှိနေတဲ့အတွက်ကြောင့် ကုမ္ပဏီအနေဖြင့် စက်လည်ပတ်ထုတ်လုပ်နိုင်ရေးနှင့် စက်ပြင်ဆင်မွမ်းမံရေးကိစ္စများကို ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။

ဒါ့ကြောင့် Agro Innovation Group Public Co.,Ltd အနေဖြင့် စက်ရုံကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလမှာလည်းကောင်း၊ ဝန်ထမ်းလစာနှင့်လျှပ်စစ်မီတာခများကို ဇွန်လမှာလည်းကောင်း ပေးသွင်းနိုင်ခြင်းမရှိတဲ့အတွက် ကျွန်တော်တို့ မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)အနေနဲ့ အကြိမ်ကြိမ်ကုမ္ပဏီကို ခေါ်ယူညှိနှိုင်းသော်လည်း ဆက်သွယ်အကြောင်းကြားလာခြင်းမရှိဘဲနဲ့ စက်ရုံငှားရမ်းရေး

သဘောတူ စာချုပ်ပါစည်းကမ်းချက်များကို ပျက်ကွက်တဲ့အတွက်ကြောင့် ကုမ္ပဏီကို စက်ရုံငှားရမ်းရေး သဘောတူစာချုပ်ရပ်ဆိုင်းပြီးတော့ ရရန်ရှိတဲ့ စက်ရုံငှားရမ်းခတွေ၊ ဝန်ထမ်းလစာစရိတ်တွေ၊ ပင်စင်ထည့်ဝင်ကြေးတွေ၊ လျှပ်စစ်ခါတ်အားခများကို တောင်းခံဖို့အတွက် ကျွန်တော်တို့ဆောင်ရွက်နေပါတယ်။ အလားတူပါပဲ။ သူကနေတင်သွင်းထားတဲ့လုပ်ငန်းစပေါ်ငွေ ရှိပါတယ်။ အဲ့ဒါကတော့ ၁၄.၅ သန်းရှိပါတယ်။ သူ့ရဲ့ Truck ကားတစ်စီးသွင်းထားတာရှိပါတယ်။ အဲဒါ ၃၆ သန်းရှိပါတယ်။ ဒါလည်း ကျွန်တော်တို့စက်ရုံမှာထိန်းသိမ်းထားပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ဘီးလင်းသကြားစက်ရုံကို ထပ်မံရင်းနှီးမြှုပ်နှံဖို့ ဆောင်ရွက်လိုသူကို ကျွန်တော်တို့ထပ်မံပြီးတော့ ညှိနှိုင်းဆောင်ရွက်တဲ့အခါမှာ Super One Dragon Co.,Ltd ကနေပြီးတော့ ငှားရမ်းလိုကြောင်း တင်သွင်းလာပါတယ်။ ၁၂-၁၀-၂၀၁၅ ရက်နေ့မှာ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးမှာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်ပြီးတော့ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတွေရယ်၊ Super One Dragon Co.,Ltd ကတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပါတယ်။ တွေ့ဆုံဆွေးနွေးပြီးတော့ Super One Dragon Co.,Ltd က စက်ရုံဝန်ထမ်းများရဲ့လစာနှင့်ပင်စင်စရိတ်များကို ကျွန်တော်တို့ စိုက်ထုတ်ပေးမည်ဖြစ်ကြောင်းနှင့်စက်များကိုလည်းပြန်လည်အစားထိုးမယ်၊ မွမ်းမံမယ်၊ ပြင်ဆင်မယ်။ ဒေသခံတောင်သူများကိုလည်း နည်းပညာများဖြန့်ဝေပြီးတော့ ကြံများကိုလည်း တိုးမြှင့်စိုက်ပျိုးပြီးတော့ သကြားထုတ်ကုန်ရေးကို ဆောင်ရွက်မယ်ဆိုပြီးတော့ တင်ပြလာတဲ့အတွက်ကြောင့် ကျွန်တော်တို့ Super One Dragon Co.,Ltd ကို ၁-၁၁-၂၀၁၅ ရက်မှ ဆက်လက်ငှားရမ်းရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ထိုနည်းလည်းကောင်းပဲ ဘီးလင်းသကြားစက်ရုံကို ယခင်ငှားရမ်းခဲ့တဲ့ Agro Innovation Group Public Co.,Ltd မှ ပေးချေရန်ရှိသော ဝန်ထမ်းလစာများ၊ လျှပ်စစ်မီတာခတွေကိုလည်း Super One Dragon Co.,Ltd ကနေပြီးတော့ စိုက်ထုတ်ပေးချေထားပြီးဖြစ်ပါတယ်။ ဘီးလင်းသကြားစက်ရုံဟာ စက်ရပ်နားထားမှုအချိန်ကြာမြင့်တဲ့အတွက်ကြောင့် စက်ရုံပြန်လည်ပတ်နိုင်ရေးအချိန်ယူပြီးတော့ အကြီးစားပြင်ဆင်မွမ်းမံခြင်း ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ကုန်ကြမ်းရရှိရေးအတွက်လည်း အချိန်နှင့် ရင်းနှီးမြှုပ်နှံမှုစရိတ်များ စိုက်ထုတ်ဆောင်ရွက်မှသာလုပ်ငန်းဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မွန်ပြည်နယ်၊ ဘီးလင်းသကြားစက်ရုံကို Super One Dragon Co.,Ltd. အနေဖြင့် စက်လည်ပတ်နိုင်ရေးအတွက် နိုင်ငံခြားသား ကျွမ်းကျင်သူများနှင့် ညှိနှိုင်းပြီးတော့ စက်အသစ်များတည်ဆောက်ရေးဆောင်ရွက်သကဲ့သို့ ကြံစိုက်ပျိုးရေးအတွက်လည်း မွန်ပြည်နယ် အစိုးရအဖွဲ့ရဲ့ ကြီးကြပ်ညှိနှိုင်းမှုဖြင့် ဒေသခံတောင်သူများနှင့် ဆွေးနွေးညှိနှိုင်းလျက် ကြံများ စိုက်ပျိုးရေး ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုဒုတိယဝန်ကြီးဖြေသွားတဲ့အထဲမှာ များစွာ ကျေးဇူးတင်ရှိပါတယ်။ ဒါပေမယ့် ဖြေသွားတဲ့အဖြေလေးအပေါ်မှာ တချို့လေးတွေ၊ မရှင်းတာလေး တွေကိုလည်း ထပ်ဆင့်မေးခွန်းလေး မေးခွင့်ပြုပါခင်ဗျား။ ပြည်ထောင်စုဒုတိယဝန်ကြီးဖြေသွားတဲ့ အဖြေမှာ နောင်ရိုးကြံစိုက်ခင်းရဲ့ ကြံမစိုက်နိုင်တဲ့အခက်အခဲကြောင့် စက်ရုံကိုအကြီးစားပြင်ဆင်မှု မလုပ်နိုင်ဘူးဆိုတဲ့ဟာအပေါ်မှာလည်း ကျွန်တော်နားမလည်နိုင်ဘူးခင်ဗျား။ နောင်ရိုးကြံစိုက်ခင်းက ဧက ၁၃၅၅ ဧကပဲရှိပါတယ်။ အဲဒီမှာ တောင်သူအသီးသီးနှင့် ကျူးကျော်ဝင်ရောက်မှုတွေကိုလည်း အရေးယူ ဆောင်ရွက်ဖို့ အမှုဖွင့်ထားပြီးပြီလို့သိပါတယ်။ ဘီးလင်းသကြားစက်ကြီးတစ်ခုလုံးကို လည်ပတ်နိုင်ဖို့အတွက် နောင်ရိုးကြံစိုက်ခင်း ၁၃၅၅ ဧကလေးနဲ့ အခြေတည်ပြီးလုပ်ရမှာ မဟုတ်ပါဘူး ခင်ဗျား။ ဘီးလင်းမြို့နယ်တစ်ဝိုက်မှာရှိတဲ့ ကြံစိုက်ဧကဟာ ၁ သိန်းလောက်ရှိပါတယ်။ နဂိုမူလကြံစိုက် ဧကပါ။ အဲဒီအတွက် ဒီလိုအကြောင်းပြချက်နဲ့ဒီကုမ္ပဏီက ဒီစက်ရုံကိုအကြီးစားပြင်ဆင်မှုမလုပ်နိုင်ဘူး ဆိုတဲ့အကြောင်းပြချက်ဟာ မှန်ကန်မှုရှိ/မရှိ ကျွန်တော်သိလိုပါတယ်။ နောက်တစ်ခုကဘီးလင်းသကြား စက်နှင့်ပတ်သက်ပြီး ရွှေသံလွင်ကုမ္ပဏီ၊ အခု AIG Co.,Ltd တို့ဟာ နှစ်ရှည်ငှားရမ်းစာချုပ်တွေ ချုပ်ဆိုခဲ့ပြီးတော့ အချိန်တိုအတွင်းမှာပဲ မလုပ်နိုင်တော့ဘူး။ ပြန်အပ်သွားတဲ့အနေအထားမျိုးပါ။ နိုင်ငံတော်အစိုးရကိုယ်စားစာချုပ်ချုပ်ခဲ့တဲ့ ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာကုမ္ပဏီ အနေနဲ့ နှစ်ရှည်ငှားရမ်းစာချုပ်တွေ ချုပ်ဆိုတဲ့အချိန်မှာ ဘယ်လိုအစီအမံနည်းနဲ့ အခိုင်အမာ ဆောင်ရွက်ခဲ့တယ်ဆိုတာကိုလည်း သိလိုပါတယ်။ နောက်ထပ်ကုမ္ပဏီတစ်ခုနဲ့ နှစ်ရှည်ငှားရမ်းပြီးတော့ ပြန်လည်ဆောင်ရွက်မယ်ဆိုတဲ့နေရာမှာလည်း ပိုပြီးတော့သတိထားပြီး ဆောင်ရွက်ရမယ့်အစီအမံတွေ ဘယ်လိုထည့်သွင်းချုပ်ဆိုထားသလဲဆိုတာကို သိခွင့်ရရင်သိလိုပါတယ်ခင်ဗျား။

**ဦးသိန်းအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့ စာချုပ်ကတော့ ကျွန်တော်တို့ရှေ့နေချုပ်ရုံးကို တင်ပြပြီးတော့ စနစ်တကျနဲ့ချုပ်ဆိုထားတဲ့စာချုပ်ဖြစ်ပါတယ်။ သို့သော်လည်း Agro Innovation Group Public Co.,Ltd အနေနဲ့ ခုနကလွှတ်တော်ကိုယ်စားလှယ်ကြီးဆွေးနွေးညှိနှိုင်းသလိုပဲ ကျွန်တော်တို့ ဒီဒေသတွေက ကြံတောင်သူတွေကိုပဲ အဓိကထားပြီးတော့ဆောင်ရွက်ရတာဖြစ်သလိုပဲ။ ဒီမှာရှိတဲ့ ၁၅၅၈ ဧကသော နောင်ရိုးစိုက်ကွင်းကိုလည်း သူကအားထားတာဖြစ်ပါတယ်။ အားထားတာဖြစ်ပေမယ့် စိုက်တဲ့အခါမှာ ဒီနောင်ရိုးစိုက်ကွင်းဟာ စိုက်ကွင်းကိုသူက ကုမ္ပဏီအနေနဲ့အကြောင်းပြတာကတော့ စိုက်ကွင်းကိုသေသေချာချာစနစ်တကျစီမံဆောင်ရွက်သော်လည်း ကျူးကျော်ပြီးတော့ ဝင်ရောက်ပြီးတော့ ဆောင်ရွက်တဲ့အတွက်ကြောင့် ဧက ၈၅ ဧကလောက်သာ သူကစိုက်နိုင်တဲ့ အနေထားဖြစ်တဲ့အတွက်ကြောင့် ဒီနေရာမှာလည်းသူ့အနေနဲ့ အခက်အခဲဖြစ်သွားတဲ့ အနေအထားဖြစ်ပါတယ်။ သို့သော်လည်း ဒါကိုတော့ သူပေးရမယ့်ငွေတွေမပေးတဲ့အတွက် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အကြိမ်ကြိမ် သူ့ကိုခေါ်ပါတယ်။ ခေါ်တဲ့အခါမှာလည်း မလာပါဘူး။ မလာတဲ့အခါကျတော့ နောက်ဆုံးခေါ်ပြီးတော့ အကြောင်းကြားပါတယ်။ တရားရုံးကနေတစ်ဆင့် အကြောင်းကြားပြီးတော့ ခေါ်တဲ့အခါကျတော့ သူကနေဒါကိုဆက်ပြီးတော့မလုပ်နိုင်ပါဘူး။ လိုအပ်တာကိုလည်း သူတို့ညှိနှိုင်းပြီးတော့ ဆောင်ရွက်ပေးပါမယ်ဆိုပြီး ဒီလိုလာတဲ့အတွက်ကြောင့် ဒီကိစ္စကိုလည်း ကျွန်တော်တင်ပြသလိုပဲ။ ကျွန်တော်တို့ကတော့ ဒီကုမ္ပဏီကိုတော့ စာချုပ်ပါစည်းမျဉ်းစည်းကမ်းအတိုင်းပဲ ဆက်လက်ပြီးတော့ ဆောင်ရွက်သွားမယ်လို့ ကျွန်တော်စောစောကလည်း ဖြေကြားခဲ့ပြီးဖြစ်ပါတယ်။

ဒုတိယက ကျွန်တော်တို့ Super One Dragon Co.,Ltd ဆိုတာကလည်း ဒါ Super One Market ကိုတိုင်ခဲ့တဲ့ Managing Director ဒေါ်စန်းစန်းရီ ဖြစ်ပါတယ်။ သူ့အနေနဲ့ကလည်း တော်တော်လိုလိုလားလားပါပဲ။ ဘီးလင်းသကြားစက်ရုံကြီးကို သူကလုပ်ချင်တယ်။ လုပ်ချင်တဲ့အတွက်ကြောင့် ဂျပန်ကကိုယ်စားလှယ်တွေခေါ်လာပါတယ်။ ဒါကြီးကို Renovation လုပ်ပါမယ်။ ပြီးလို့ရှိရင် အခုနက ကြံတွေစိုက်ပျိုးထားတာအတွက်လည်း ကျွန်တော်တို့တောင်သူကိုပေးထားတယ်။ ကြံတွေစိုက်နေတယ်။ စိုက်နေတဲ့ကြံတွေကိုလည်း ပြန်ဝယ်ပါ့မယ်။ ပြီးရင်လည်း ဒီဟာကိုကြံမကျိတ်သေးပါဘူး။ ဒါကိုမျိုးအနေနဲ့ပြန်ဖြန့်ပါ့မယ်။ ပြီးတော့လည်း သူကကန်ထရိုက် Farming အနေနဲ့လည်း သူကဆက်ပြီးတော့လုပ်ပါ့မယ်။ ဒီကြံကိုလည်း သူကစိတ်လည်းစိတ်ဝင်စားပါတယ်ဆိုပြီး သူကတင်ပြလာတဲ့အတွက်ကြောင့် ကျွန်တော်တို့က ဒါကိုသူ့ကိုတော့ နှစ်ဦးနှစ်ဖက်သဘောတူပြီးစာချုပ်ချုပ်

ပြီးတော့ ဆင့်ကဲဆင့်ကဲ ရှေ့နေချုပ်ရုံးနဲ့ ကျွန်တော်တို့က အစိုးရအဖွဲ့ကို တင်ပြပြီးတော့ ဆောင်ရွက် လျက်ရှိပါတယ်။ သူ့အနေနဲ့ကတော့ ကျွန်တော်တို့ယုံကြည်စိတ်ချရတဲ့ ကုမ္ပဏီတစ်ခုလို့ ဒီလိုမြင်ပါ တယ်။ ပထမဆုံး ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်အနေနဲ့တော့ သူကတော့ ဒီဘက်ကိုတော့ အားသန်တဲ့ကုမ္ပဏီမဟုတ်ပါဘူး။ အားသန်တဲ့ကုမ္ပဏီမဟုတ်တဲ့အတွက်ကြောင့် ပထမစစချင်း ဘီးလင်းသကြားစက်ကိုယူခဲ့တယ်။ သို့သော်လည်း အကောင်အထည်မဖော်နိုင်ခဲ့ပါဘူး။ Agro Innovation Group Public Co.,Ltd ကလည်း ထိုနည်းလည်းကောင်းပဲ သူလည်းဝင်ပြီးတော့ ဆောင်ရွက်ပါတယ်။ သို့သော်လည်း သူလည်းငွေရေးကြေးရေးအခက်အခက်အခဲဖြစ်လာတဲ့အတွက် ကြောင့် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါဘူး။ သို့သော်လည်း လက်ရှိကျွန်တော်တို့ချုပ်ခဲ့တဲ့စာချုပ်အရ ဆိုလို့ရှိရင် Super One Dragon Co.,Ltd ကငွေရေးကြေးရေးခိုင်မာတောင့်တင်းတဲ့ကုမ္ပဏီလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ယုံကြည်စွာနဲ့ကျွန်တော်တို့ဆောင်ရွက်တာ ဖြစ်ပါတယ်။ အဲဒီတော့ မူလစာချုပ်မှာပျက်ကွက်တဲ့ Agro Innovation Group Public Co.,Ltd ကိုလည်း ကျွန်တော်တို့က စာချုပ်ပါစည်းမျဉ်းစည်းကမ်းအတိုင်း ဥပဒေအရ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**ညောင်ဦးမြို့နယ်၊ အင်တိုင်းကျေးရွာအနီးရှိ ရေကန်တာပေါင်ရိုးမှာ မကြာခဏကျိုးပေါက်၍ သက်ဆိုင် ရာဝန်ကြီးဌာနမှ အရှည်တည်တံ့ခိုင်ခံ့အောင် ပြုပြင်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကြိုင်(ညောင်ဦးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ ပြည်ထောင်စုအဆင့် ဒုတိယ ဝန်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ ကျွန်တော် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်း ဒေသကြီး၊ ပုဂံညောင်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့အချက်ကတော့ ကျွန်တော်တို့ ပုဂံညောင်ဦးဒေသက ပုပ္ပါးတောင်မကြီးက ဆင်းလာတဲ့ချောင်းတွေက မြောက်မြားစွာရှိပါတယ်။ အဲဒီတော့ ချောင်းတွေရော Water Ship ဧရိယာ တွေရော သူက များပြားတဲ့အတွက် တစ်ခါတလေ ရေက ဝါးလုံးထိုးလာတာတွေရှိပါတယ်။ အဲဒီအခါမှာ အခုနက သူတို့လုပ်ထားတဲ့ နှစ်အဆက်ဆက်ကလုပ်ထားတဲ့ ရှေးဟောင်းကန်ကြီးတွေဟာ ပေါက်သွား

ပြီးတော့ သူတို့ရွာသားတွေအနေနဲ့ အတော်လေးကို တတ်သရွေ့မှတ်သရွေ့ သူတို့လုပ်ကြပါတယ်။ ကျွန်တော်တို့ Spar တွေရိုက်တယ်။ နောက်တစ်ခါ သဲအိတ်တွေလည်းလုပ်တယ်။ အမျိုးမျိုးသူတို့ တတ်သရွေ့ မှတ်သရွေ့နဲ့ ပိတ်ကြ၊ ပြုကြ၊ ဆို့ကြသော်လည်း ဝါးလုံးထိုးလာတဲ့ရေကြောင့် ပေါက်သွားပြီးတော့ တစ်ခါတည်း အိမ်တွေရောပျက်စီးပြီးတော့ ပစ္စည်းတွေပါ မျောပါတဲ့ဟာတွေ ခဏခဏတွေ့ရပါတယ်။ အဲဒါကြောင့် သူတို့ကြိုးစားပါတယ်။ ဒါပေမဲ့ အခု သက်ဆိုင်ရာဝန်ကြီးဌာန နည်းပညာကောင်းနဲ့ ရေရှည်ခိုင်ခံ့အောင် လုပ်ပေးနိုင်တဲ့ဟာမျိုး လုပ်ပေးနိုင်ရင် လုပ်ပေးဖို့ သူတို့ ကျွန်တော်ဆီလာပြီး အကူအညီတောင်းပါတယ်။ ဒါကြောင့်လည်း ကျွန်တော် ပြည်သူ့လွှတ်တော်ကို လာရောက်ပြီးတော့ မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန-၁မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်၏ မေးခွန်းနှင့်ပတ်သက်ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကိုယ်စား လေးစားစွာဖြေကြားသွားမှာဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဒုတိယဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ အင်တိုင်းကျေးရွာရှိ အင်တိုင်းကန်မှာ ရေဝင်ရောက်မှုမရှိသဖြင့် ကန်အတွင်း သဲနုန်းတူးဖော်ပေးပါရန် ဒေသခံပြည်သူများ၏တင်ပြချက်အရ အင်တိုင်းကန်အတွင်းသို့ ရေဝင်ရောက်စေရန် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ဆည်မြောင်းဦးစီးဌာနမှ ရေလွှဲကဒစ်တန်းနှင့် ရေလွှဲတာပေါင်တည်ဆောက်ပေးခြင်း၊ ရေခေါ်မြောင်းတူးဖော်ပေးခြင်း၊ ကန်တွင်း သဲနုန်းတူးဖော်ခြင်းနှင့် ကန်ပေါင်အားဖြည့်လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါတယ်။ သို့ရာတွင် ၂၀၁၂-၂၀၁၃ ခုနှစ်တွင် အင်တိုင်းကန်အတွင်းသို့ ကန်ရေပြည့် ရေဝင်ရောက်မှု

ကြောင့် ကျေးရွာသူရွာသားများမှ ကန်ပေါင်ကျိုးပေါက်မည်ကိုစိုးရိမ်၍ ရေလွှဲတာပေါင်အား ဖောက်ချခဲ့ခြင်းကြောင့် ရေလွှဲတာပေါင်ကျိုးပေါက်မှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းပြင်ဆင်ဆောင်ရွက်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး၊ ရန်ပုံငွေရရှိရေး စီမံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ မေးခွန်းများကို ဖြေကြားပေးပြီးတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနပြည်ထောင်စု ဒုတိယဝန်ကြီးများ မိမိတို့အလိုရှိရာကို သွားလိုက ထွက်ခွာနိုင်ပါပြီခင်ဗျား။

**ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကိုဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီက အစီရင်ခံစာကိုတင်ပြရန်ဖြစ်တဲ့အတွက် အစီရင်ခံစာတင်ပြဖို့အတွက် ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဝင်း(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ အတွင်းရေးမှူးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ။ အစီရင်ခံစာအမှတ်စဉ်(၁/၂၀၁၅)ဖြစ်ပါတယ်။

**မူကြမ်း**

**နိဒါန်း**

၁။ ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅(ဂ)နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ နှင့် ၂၇ တို့နှင့်အညီ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင်ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီကို အမိန့်ကြော်ငြာစာ အမှတ်(၁၀/၂၀၁၁)ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ကော်မတီကို ပါတီစုံမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတည်ပြုပြဋ္ဌာန်းထားသော နိုင်ငံသားများ၏ အခြေခံမူလအခွင့်အရေးများ မဆုံးရှုံးစေရန် ဒီမိုကရေစီစနစ်ထွန်းကားတည်တံ့စေရန်နှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်၍ လူသားများ လူ့အခွင့်အရေးခံစားရရှိစေ၍ ဂုဏ်သိက္ခာပြည့်စုံသော လူ့အဖွဲ့အစည်းဖြစ်ပေါ်စေရေးအတွက် လွှတ်တော်၏ အခန်းကဏ္ဍမှ ဆောင်ရွက်လျက်ရှိပါသည်။

၃။ ပြည်သူ့လွှတ်တော်၏တာဝန်များတွင် စောင့်ကြည့်လေ့လာခြင်းလုပ်ငန်း (Parliamentary Function of Oversight) တာဝန်မှာ အရေးပါသော တာဝန်ဖြစ်ပါသည်။ ယင်းတာဝန်ကို တာဝန်ရှိ လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ရန် ပြည်ထောင်စုလွှတ်တော် နာယက က ၂၉-၇-၂၀၁၃ ရက်နေ့တွင် လမ်းညွှန်ဖြန့်ဝေခဲ့ပြီးဖြစ်ပါသည်။ နိုင်ငံရေးစနစ်၏ပုံသဏ္ဌာန်ကို ပြုပြင်ပြောင်းလဲနေစဉ် အချိန်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရရှိထားသည့် စောင့်ကြည့်လေ့လာနိုင်သည့် စွမ်းရည်ကို မြှင့်တင်နိုင်ရန် အစဉ်မပြတ် လက်တွေ့ကျကျ မစွမ်းဆောင်နိုင်သော်လည်း အချို့အခြေအနေတွင် လွှတ်တော်သည် မိမိတို့၏ကိုယ်ပိုင်နည်းဖြင့် စောင့်ကြည့်လေ့လာသည့်စွမ်းရည်ကို မြှင့်တင်နိုင်မည်ဟု ယင်းစာစောင်တွင်ပါရှိပါသည်။ မိမိတို့ကော်မတီသည် ပြည်သူများ၏ နစ်နာမှုများ နည်းနိုင်သမျှနည်းနိုင်ရန် အစဉ်တစိုက် ကြိုးပမ်းခဲ့ပါသည်။

၄။ လွှတ်တော်၏ စောင့်ကြည့်လေ့လာရေးလုပ်ငန်းသည် ဒီမိုကရေစီစနစ်၏ ကျင့်သုံးသောနိုင်ငံများအတွက် နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားအား ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်

ရွက်ရာတွင် အမှားအယွင်းအနည်းဆုံးဖြစ်ရန် အရေးပါသောလုပ်ငန်းစဉ်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ကော်မတီ၏တာဝန်များ**

၅။ ကော်မတီ၏တာဝန်များသည်-

(က) နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) နိုင်ငံသားတိုင်း တန်းတူညီမျှအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို ခံစားခွင့်ရရှိရေးဆောင်ရွက်ပေးရမည်။

(ဂ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့်ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိကလွှတ်တော်သို့တင်ပြရမည်။

(ဃ) တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိကူညီရမည်။

(င) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့်တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

**ဆောင်ရွက်ချက်များ**

၆။ ဤကော်မတီသို့ ရောက်ရှိလာသော တိုင်စာများတွင် မြေယာကိစ္စ၊ အိုးအိမ်ကိစ္စများ၊ ပြစ်မှုဆိုင်ရာမှုခင်းကိစ္စများစသည်ဖြင့် ပါဝင်လျက်ရှိရာမှာ မှတ်တမ်းတင်ထားသင့်သည်များကို မှတ်တမ်းတင်ထားခြင်း၊ သက်ဆိုင်ရာအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးဌာနများ ပေးပို့ခြင်းများစိစစ်ဆောင်ရွက်ခဲ့ပါသည်။

**မူကြမ်း**

၇။ ကော်မတီဝင်များသည် မိမိတို့ရသမျှအချိန်အတွင်း ဆောင်ရွက်နိုင်သမျှကို ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြပါသည်။ ကော်မတီဝင် ၁၅ ဦးအား အဖွဲ့ငယ် ၄ ဖွဲ့ခွဲ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် နယ်မြေခွဲဝေသတ်မှတ်ပြီး အမှုတွဲများကို လေ့လာစိစစ်ခဲ့ကြပါသည်။

၈။ ကော်မတီမှတိုင်ကြားစာဆောင်ရွက်ရာတွင် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ တိုင်စာ/ဝင်စာ စုစုပေါင်း ၃၈၀၈ စောင်ရှိပြီး၊ အစိုးရအဖွဲ့သို့ပေးပို့စာ ၃၂၇၃ စောင်၊ တရားလွှတ်တော်ချုပ်သို့ ၁၀၈ စောင်၊ ဝန်ကြီးဌာနသို့ ပေးပို့စာ ၁၂၀၊ ဆောင်ရွက်ရန်မလိုသောစာ ၃၀၇ စောင်ရှိပါသည်။ တိုင်စာ၊ ဝင်စာများနှင့်ပတ်သက်၍ လွှတ်တော်ကာလများတွင်သာမက လွှတ်တော်ရပ်နားချိန်များတွင်ပါ ကော်မတီအနေဖြင့် လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။ အစိုးရအဖွဲ့ရုံးမှ ပြန်ကြားစာ ၄၇၈ စောင်၊ တရားလွှတ်တော်ချုပ်ရုံးမှ ပြန်ကြားစာ ၆၀၊ ကာယကံရှင် ပြန်ကြားစာ ၉၄ စောင်၊ ပြီးစီးမှုပေါင်း ၃၅၀၁ စောင်ရှိပြီး ကော်မတီတွင် ဆောင်ရွက်ရန် ကျန်ရှိခြင်း မရှိကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

၉။ ကော်မတီသည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၂၀၁၂ ခုနှစ်တွင် ၂ ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် ၄ ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် ၂ ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် ၁ ကြိမ် စုစုပေါင်း ၉ ကြိမ် ပြုလုပ်ခဲ့ပြီး ဥပဒေပြုရေး၊ သက်ဆိုင်ရာအဖွဲ့အစည်းများကို အသုံးစရိတ် စိစစ်ခွင့်ပြုရေး တိုင်ကြားစာများနှင့်ပတ်သက်၍ စိစစ်ဖြေရှင်းရေးနှင့် ကော်မတီ၏ လုပ်ငန်းကိစ္စများကို ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။

၁၀။ ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌများ၏ ခွင့်ပြုချက်၊ ညွှန်ကြားချက်များအရ နိုင်ငံခြားအဖွဲ့အစည်းများနှင့် တွေ့ဆုံရာတွင် ၂၀၁၂ ခုနှစ်တွင် ၉ ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် ၈ ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် ၈ ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် ၂ ကြိမ် စုစုပေါင်း ၂၇ ကြိမ်တွေ့ဆုံပြီး လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ ပြောင်းလဲကျင့်သုံးနေသည့် စနစ်နှင့် လိုက်လျောညီထွေဖြစ်လာသော ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ လူ့အခွင့်အရေးနှင့် ပတ်သက်သည့် လွှတ်တော်အတွင်း/လွှတ်တော်ပြင်ပ ဆောင်ရွက်နေမှုများ၏ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

**သုံးသပ်အကြံပြုချက်**

၁၁။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် မဲဆန္ဒရှင်ပြည်သူများ၏ လိုအပ်ချက်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလိုအပ်ချက်များ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ လူ့အခွင့်

အရေးဆိုင်ရာအပါအဝင် အထွေထွေဒေသဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လိုအပ်ချက်များကို ပြည်သူ့လွှတ်တော်သို့ တက်ကြွစွာတင်ပြဆွေးနွေးခဲ့ကြပါသည်။ ပြည်သူ့လွှတ်တော်၏ ဆောင်ရွက်ချက်များသည် ဒီမိုကရေစီကျင့်စဉ်ကို ဖော်ဆောင်ရာတွင် အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါ လေးနက်ပီပြင်လာသောကြောင့် ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများရဲ့ ဂုဏ်ပြုမှတ်တမ်းတင်ခြင်းများကိုလည်း ခံခဲ့ရပါသည်။

၁၂။ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီသည် ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက် ဆောင်ပုဒ်နှင့်အညီ ပါတီစွဲ၊ ဂိုဏ်းကနစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ ကင်းရှင်းစွာဖြင့် စစ်မှန်သော ဒီမိုကရေစီစနစ် ထွန်းကားတည်တံ့စေရန် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အစီရင်ခံစာအား လွှတ်တော်မှ မှတ်တမ်းတင်ပေးပါရန် အစီရင်ခံတင်ပြအပ်ပါသည်ခင်ဗျား။

**နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၄-၁၁-၂၀၁၅ ရက်နေ့နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အစီရင်ခံစာကို တင်ပြရန်ဖြစ်တဲ့အတွက် အစီရင်ခံစာ တင်ပြဖို့အတွက် ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်သန်းမြင့်(အဖွဲ့ဝင်၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး

မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်မကတော့ ကော်မတီရဲ့တာဝန်ပေးချက်အရ ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ (၁၃)ကြိမ်မြောက်ပုံမှန်အစည်းဝေးသို့ တင်သွင်းသည့် အစီရင်ခံစာအား ဖတ်ကြားတင်သွင်းမည့် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်၊ ငပုတောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းမြင့် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ-

**နိဒါန်း**

၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ အနေဖြင့် မိမိတို့ရရှိသော အတွေ့အကြုံများ၊ ပြုစုခဲ့သော အစီရင်ခံစာများ၊ အတည်ပြုပြဋ္ဌာန်းခဲ့သော ဥပဒေကြမ်းများ၊ ကော်မတီလုပ်ငန်းများနှင့် မိမိတို့စီမံဆောင်ရွက်ခဲ့ပုံများကို တတ်နိုင်သမျှ ပြည့်စုံစွာဖော်ပြ၍ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များအနေဖြင့် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လုပ်ကိုင် ဆောင်ရွက်နိုင်ရန် ပြုစုတင်ပြခြင်းဖြစ်ပါတယ်။

**ရည်ရွယ်ချက်**

၂။ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ကော်မတီလုပ်ငန်းများ အဆင်ပြေချောမွေ့နိုင်ရေးနှင့် တိုးတက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါသည်။

**ကော်မတီ၏ဆောင်ရွက်ချက်**

၃။ ကော်မတီ၏ ဆောင်ရွက်ချက်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

(က) ကော်မတီသည် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လက်ရှိကျင့်သုံးနေသည့် ဥပဒေများအား ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်းများ ပြုလုပ်ရန်နှင့် လုပ်ငန်းတာဝန်များ၊ ထိရောက်မြန်ဆန်စွာဆောင်ရွက်နိုင်ရန် ကော်မတီဝင် ၁၅ ဦးအား အဖွဲ့များခွဲ၍ တာဝန်ပေးခြင်း၊

(ခ) မိမိ ကော်မတီနှင့်သက်ဆိုင်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တင်ပြလာသော စီမံကိန်း၊ ဘတ်ဂျက်လုပ်ငန်းများကို စိစစ်ရန်အတွက် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခြင်း၊

(ဂ) ကော်မတီသည် ဒေသအသီးသီးမှရောက်ရှိလာသော တိုင်ကြားစာများကို ပြည်နယ်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ဆောင်ရွက်ရာတွင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်မှ လက်မှတ်ရေးထိုး၍ အစိုးရအဖွဲ့ရုံးသို့ ပေးပို့ပြီး အစိုးရအဖွဲ့ရုံးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဆက်လက်ပေးပို့၍ ညှိနှိုင်း ဆောင်ရွက်မှုများ ပြုလုပ်ပေးခြင်း၊

(ဃ) ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်မှ ပြည်တွင်းပြည်ပသို့ စေလွှတ်သော သင်တန်း၊ ဆွေးနွေးပွဲ၊ လေ့လာရေးများသို့ သွားရောက်လေ့လာ၍ ဆွေးနွေးမှုများအား ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ ကြပါတယ်။

၄။ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနဲ့ အဖွဲ့ဝင်များ၏ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ကော်မတီ၏အစီရင်ခံစာအား အသေးစိတ် လွှတ်တော်ကိုယ်စားလှယ်များထံသို့ ဖြန့်ဝေထားပြီးလည်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ မိမိတို့ ကော်မတီနှင့်သက်ဆိုင်တဲ့ လူမှုဆိုင်ရာလုပ်ငန်းများအတွက် ၁-၁-၂၀၁၅ ရက်နေ့မှ ၁၈-၁၁-၂၀၁၅ ရက်နေ့အတွင်း ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ရာမှာ ပြည်ပအဖွဲ့အစည်းလေးခုနဲ့ ခြောက်ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ လွှတ်တော်ဆိုင်ရာ ကော်မတီများနဲ့ ၁၀ ကြိမ်တွေ့ဆုံ၍ ဆွေးနွေးပွဲများ ပြုလုပ်နိုင်ခဲ့ကြပါတယ်။

၅။ ကော်မတီသည် ဥပဒေကြမ်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆွေးနွေးနိုင်ခဲ့ပါတယ်။ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုဥပဒေကြမ်းနှင့် ပတ်သက်၍ နှစ်ကြိမ်၊ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာဥပဒေကြမ်းနှင့်ပတ်သက်၍ သုံးကြိမ်၊ မြန်မာဗုဒ္ဓဘာသာမိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းနှင့်ပတ်သက်၍ လေးကြိမ်၊ မသန်စွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသွားသော တပ်မတော်သားမိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေကြမ်း၊ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်ပတ်သက်၍ နှစ်ကြိမ်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး ဥပဒေကြမ်းတို့အား ဆွေးနွေးနိုင်ခဲ့ကြပါတယ်။ ဒါ့အပြင် ဝန်ကြီးဌာနမှ ဦးဆောင် ဆောင်ရွက်တဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ (၁/၂၀၁၅)အစည်းအဝေး၊ ကလေးသူငယ် အခွင့်

အရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး(၁/၂၀၁၅)တို့ကိုလည်း တက်ရောက်နိုင်ခဲ့ကြပါတယ်။

**ဥပဒေကြမ်းများ အတည်ပြုပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ချက်**

၆။ ကော်မတီသည် ဥပဒေကြမ်း ကော်မတီ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ရှေ့နေချုပ်ရုံး၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဥပဒေကြမ်းကော်မတီတွင် ဥပဒေကြမ်းများ ပြဋ္ဌာန်းနိုင်ရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်ခဲ့ပါသည်။

(က) မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ၊

(ခ) လူဦးရေ တိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာစောင့်ရှောက်မှုဥပဒေ၊

(ဂ) ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာဥပဒေ၊

(ဃ) တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေ၊

(င) မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာဥပဒေတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**သုံးသပ်အကြံပြုချက်**

၇။ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များ၊ စည်းရုံးလှုပ်ရှားမှုများ တိုးတက်ခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များလည်း ၎င်းတို့၏ မဲဆန္ဒနယ်မြေများတွင် ပြည်သူလူထု၏ တင်ပြချက်များ လိုအပ်ချက်များနှင့် နိုင်ငံတော်အတွက် အမှန်တကယ် လိုအပ်ချက်များကို ဆောင်ရွက်ပေးရန် မေးခွန်းများ မေးမြန်းခြင်းနှင့် အဆိုများတင်သွင်းခြင်းတို့ကို ပိုမိုပြုလုပ်လာသည်ကို တွေ့ရှိရပါကြောင်း၊ ပြည်သူ့လွှတ်တော်မှာလည်း အစည်းအဝေးများကို စနစ်တကျ နိုင်ငံတကာအဆင့်မီ ကျင်းပနိုင်ခဲ့သည်များကိုလည်း တွေ့ရှိရပါကြောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှာလည်း အရည်အချင်းရှိအောင် ပညာရှင်များမှ ဆွေးနွေးဟောပြောခြင်း၊ စာအုပ်စာတမ်းများလေ့လာ ဖတ်ရှုခြင်း၊ အင်တာနက်မှ ထုတ်နုတ်၍ လေ့လာခြင်း၊ နိုင်ငံတကာလွှတ်တော်များ၏ ဆောင်ရွက်ချက်များကို လေ့လာဆောင်ရွက်ခဲ့ကြပါတယ်။ အနာဂတ်တွင်လည်း ဆက်လက်ပြီး တိုးတက်အောင် ဆောင်ရွက်သွားပါက လွှတ်တော်အစည်းအဝေးများသည် ပိုမိုပီပြင်လာမည်ဟု သုံးသပ်ရရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်ရှင်။

**မူကြမ်း**

## လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ၂၄-၁၁-၂၀၁၅ ရက်နေ့နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်မရှိအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိအတည်ပြုပြီးနောက် ၁၉-၁၁-၂၀၁၅ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

## အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက တင်သွင်းသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီးအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကတင်သွင်းသော နိုင်ငံခြားရင်းနှီး

မြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းဝေး တတိယနေ့ဖြစ်သော ၁၈-၁၁-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်း တစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစဉ်လိုက်အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက် အတိုင်း အတည်ပြုနိုင်ရေးကို တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးတို့က ပြင်ဆင်ချက်အဆိုတင်သွင်းလာပါတယ်။ ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးနဲ့ ဥပဒေကြမ်းကော်မတီတို့က ၂၁-၁၁-၂၀၁၅ ရက်နေ့တွင် ညှိနှိုင်း အစည်းအဝေးများပြုလုပ်ခဲ့ပြီး ထိုညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်အရ ဥပဒေကြမ်း ကော်မတီက ပြင်ဆင်ရန်တင်ပြချက်(၂)ချက်ကို ထပ်မံတင်ပြလာပါတယ်။ ယင်းတင်ပြချက် ၂ ချက်ကို ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက်(၂)ချက်ကို ဥပဒေကြမ်း ကော်မတီက တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်တဲ့ ပြည်သူ့ လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အဆို ၂ ရပ်တင်ပြသွားမှာဖြစ်ပါတယ်။ ပထမအဆိုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ(ဆ)ကို အောက်ပါအတိုင်း အစားထိုးရမည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအမျိုးအစားအရ လည်းကောင်း၊ သဘာဝအရင်းအမြစ်အနေအထားအရလည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ကခွင့်ပြုသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ နှင့် စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအား ခွဲဝေသတ်မှတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်

ညှိနှိုင်းဆောင်ရွက်ခြင်းအဆိုအား အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ဒုတိယအဆိုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၃ ၏နောက်တွင် ပုဒ်မ ၁၃-(က) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်။ ကော်မရှင်သည် တိုင်းဒေသကြီးနှင့်ပြည်နယ်များ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအား မိမိ၏လုပ်ပိုင်ခွင့်များကို ပြည်ထောင်စု အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ခွဲဝေသတ်မှတ်ပေးနိုင်သည်ဆိုတဲ့ အဆို ၂ ရပ်အား လွှတ်တော် မှအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ပြင်ဆင်ချက်အဆိုနဲ့ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ သဘော ထားသိလိုပါတယ်။

**ဒေါ်လဲ့လဲ့သိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**
။ ။ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ဖို့တင်ပြချက်က ကျွန်မတို့ အဆိုပြုထားတဲ့ပြဋ္ဌာန်းချက်နဲ့ အနှစ်သာရအားဖြင့် အတူတူပဲဖြစ်တဲ့အတွက်ကြောင့်မို့ ကျွန်မတို့အနေနဲ့ကတော့ အထူးအထွေပြောစရာ မရှိပါဘူး။ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို နာခံပါ မယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ၂ ချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနကလည်း သဘောတူလက်ခံတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက် ၂ ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်ကသဘောတူပါတယ်။]

**ဒုတိယဥက္ကဋ္ဌ။** ။သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ထပ်မံပြင်ဆင်ချက်၂ ချက်ကို ဥပဒေကြမ်းကော်မတီ ရဲ့ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက တင်သွင်းသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်

သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ် ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူ ရမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘော တူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်ကသဘောတူပါတယ်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကတင်သွင်းသော နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများ အတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက တင်သွင်းသည့် မြန်မာ နိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်း ထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက တင်သွင်းသော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ် မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ဖြစ်သော ၁၈-၁၁-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီ က အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေး အတည်ပြုခြင်းများကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ ခေါင်းစဉ် နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ၊ အစဉ်လိုက်အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြု ပြဋ္ဌာန်း ချက်အတိုင်း အတည်ပြုနိုင်ရေးကို တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်

စပ်လျဉ်းပြီး သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးတို့က ပြင်ဆင်ချက်အဆို တင်သွင်းလာပါတယ်။ ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးနဲ့ ဥပဒေကြမ်းကော်မတီတို့က ၂၁-၁၁-၂၀၁၅ ရက်နေ့တွင် ညှိနှိုင်း အစည်းအဝေးများ ပြုလုပ်ခဲ့ကြပြီး ထိုညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်အရ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ရန်တင်ပြချက် နှစ်ရပ်ကို ထပ်မံတင်ပြလာပါတယ်။ ယင်းတင်ပြချက် နှစ်ချက်ကို ဆွေးနွေးခြင်းများပြုလုပ်ခဲ့ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြု ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက် နှစ်ချက်ကို ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံသားများ ရင်းနှီး မြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီရဲ့ ထပ်မံပြင်ဆင်ရန် တင်ပြချက်အဆိုနှစ်ခုကို လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်။ ပထမအဆိုမှာ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ(ဇ)ကို အောက်ပါအတိုင်း အစားထိုးရမည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်း အမျိုးအစားအရလည်းကောင်း၊ သဘာဝအရင်းအမြစ်အနေအထားအရလည်းကောင်း၊ အလုပ် အကိုင် အခွင့်အလမ်းရရှိရေးအတွက်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသော မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအား ခွဲဝေသတ်မှတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဒုတိယအဆိုမှာ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၂ ၏ နောက် ပုဒ်မ ၁၂-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်။ ကော်မရှင်သည် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသ ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအား မိမိ၏လုပ်ပိုင်ခွင့်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွဲဝေသတ်မှတ်ပေးနိုင်သည်ဆိုသည့် အဆိုနှစ်ရပ်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာ ဝန်ကြီးဌာနရဲ့သဘောထားကို သိလိုပါတယ်။

**ဒေါ်လဲ့လဲ့သိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ ဒုတိယဥက္ကဋ္ဌကြီးရှင်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ဖို့ ထပ်မံပြင်ဆင်ဖို့ တင်ပြချက်က ကျွန်မတို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနရဲ့ အဆိုပြုပြင်ဆင်ဖြည့်စွက်ချက်နဲ့ မူလသဘောထား အတူတူပဲဖြစ်ပါတယ်။ အနှစ်သာရအတူတူပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ ဝန်ကြီးဌာနအနေနဲ့ သဘောတူညီပါတယ်။ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို နာခံပါ့မယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ချက် နှစ်ချက်ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကလည်း သဘောတူပြီးဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်နှစ်ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါတယ်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ထပ်မံပြင်ဆင်ချက် ၂ ချက်ကို ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက တင်သွင်းသော မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူသွားမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**မူကြမ်း**

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်ကသဘောတူပါတယ်]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကတင်သွင်းသော မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်း နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဦးစိုင်းအွမ်ဆိုင်မိုင်း၊ ကျေးသီးမဲဆန္ဒနယ်က တင်သွင်းသော ရှမ်းပြည်နယ်ဒေသတချို့၌ လတ်တလောဖြစ်ပွားနေသောစစ်ပွဲများကြောင့် လူမှုဒုက္ခအဝဝ ကြုံတွေ့နေရသည့် စစ်ဘေးရှောင်ပြည်သူများကို နိုင်ငံတော်အစိုးရက ထိထိရောက်ရောက်တာဝန်ယူ၍ အမြန်ဆုံး ကူညီစောင့်ရှောက်ပေးပါရန်တိုက်တွန်းကြောင်း အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးစတင်စဉ်က တင်ပြခဲ့တဲ့ အရေးကြီးအဆိုနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးဖို့ အစီအစဉ်လေးကို အချိန်ရသလောက် ဆောင်ရွက်ရအောင် ဖြစ်ပါတယ်။ဒါကြောင့်မို့လို့ ဦးစိုင်းအွမ်ဆိုင်မိုင်း တင်သွင်းသွားတဲ့အဆိုကို ဆွေးနွေးမယ့် ကိုယ်စားလှယ်များရှိပါသလားခင်ဗျား။ အချိန်အတိုင်းအတာအရ ဆွေးနွေးမှာဖြစ်ပါတယ်။ ဒါကြောင့် ပထမဦးစွာ ဒေါ်နန်းဝါနု စတင်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)။** ။ မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်း မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနု ဖြစ်ပါတယ်ရှင်။ လေးစားရပါတဲ့ ဒုတိယ ဥက္ကဋ္ဌကြီးရှင့်။ ၂၈-၁၀-၂၀၁၅ ရက်နေ့မှာ ကျွန်မက မိုင်းရှူးမြို့နယ်၊ ကျေးသီးမြို့နယ်အတွင်းရှိ စစ်ဘေးဒုက္ခသည်များအား ကူညီထောက်ပံ့ပေးပါရန်နှင့် တပ်မတော်နှင့် SSPP၊ SSA၊ ရှမ်းပြည် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်တို့ကြား ဖြစ်ပွားနေသော ထိတွေ့မှုအမြန်ဆုံးရပ်စဲနိုင်ရေး အကူအညီပေးပါရန် ကြယ်ပွင့်မပြမေးခွန်း မေးမြန်းခဲ့ပါတယ်။ သို့သော်လည်း ယနေ့တိုင် အကြောင်း ပြန်ကြားမှုမရှိသေးပါဘူးရှင်။ ၆-၁၀-၂၀၁၅ ရက်နေ့မှစ၍ SSPP ၊ SSA နှင့် တပ်မတော်အကြား တိုက်ပွဲ ပြင်းပြင်းထန်ထန်ဖြစ်ပွားခဲ့ပါတယ်။ ထိုမှ ပြည်သူများစွာ စစ်ဘေးရှောင်နေရပါတယ်။ ၂၈-၁၀-၂၀၁၅ ရက်နေ့ ကျွန်မ မေးခွန်းတင်တဲ့နေ့မှာ

စစ်ဘေးရှောင်ပြည်သူများက ၆၀၀၀ ခန့်ရှိကြောင်း သိရှိရပါ တယ်။ ယခု စိုင်းအွမ်ဆိုင်မိုင်း တင်သွင်းလာတဲ့ ၁၈-၁၁-၂၀၁၅ ရက်နေ့မှာ စစ်ဘေးရှောင်ပြည်သူများ က ၉၀၀၀ ခန့်ဖြစ်လာတာဖြစ်တဲ့အတွက်ကြောင့် ရက်ပေါင်း ၂၀ အတွင်းမှာ စစ်ဘေးရှောင်ပြည်သူများ က ၃၀၀၀ ခန့်ဖြစ်လာတာဟာ နိုင်ငံတော်အတွက် ကောင်းမွန်တဲ့လက္ခဏာများ မဟုတ်ပါဘူးရှင်။ စစ်ဘေးရှောင်ပြည်သူ ၉၀၀၀ ခန့်တွင် အများစုမှာ အဘိုးအို၊ အဘွားအိုများနှင့် ကလေးများ၊ ကိုယ်ဝန်ဆောင်များဖြစ်ကြပါတယ်။ ကိုယ်ဝန်ဆောင်သည်များဟာ စစ်ဘေးရှောင်ကြရင်း တောတွင်းထဲမှာ၊ မြို့အတွင်းမှာ၊ ဈေးထဲမှာ ကလေးမီးဖွားနေရပါတယ်။ စစ်ဘေးရှောင်သူအများစုမှာ လီရှောတိုင်းရင်းသား၊ ပလောင်တိုင်းရင်းသား၊ ရှမ်းတိုင်းရင်းသားများဖြစ်ကြပါတယ်။ ၎င်းတို့မှာ စားဝတ်နေရေးလုံးဝ အဆင်ပြေမှုမရှိဘဲနဲ့ များစွာအတိဒုက္ခရောက်လျက်ရှိနေပါတယ်။ ရဟန်းရှင်/လူပြည်သူများ၊ ပရဟိတအဖွဲ့အစည်းများ၊ ရှမ်းလူမှုအဖွဲ့အစည်းများနှင့် ရှမ်းပါတီများက တတ်နိုင်သလောက် သွားရောက်ထောက်ပံ့သော်လည်း ပြည့်စုံလုံလောက်မှုမရှိပါ။ ဝမ်ဟိုင်းရွာ၊ ဝမ်ဆော့ရွာနှင့် ဟိုက်ပါရွာအနီးတွင် လေယာဉ်များ ပျံဝဲနေခြင်း၊ အမြောက်များကျနေခြင်းကြောင့် စစ်ဘေးဒုက္ခသည်များ အပူပေါ် ထပ်မံအပူဆင့်ကာ ထပ်မံပြီးတော့ မိုင်းရှူး၊ မိုင်းနောင်၊ ဝမ်စိမ်း၊ တောင်ကြီးမြို့နှင့် ၎င်းတို့နီးစပ်ရာ ဆွေမျိုးများဆီသို့ထွက်ပြေးနေခဲ့ရပါတယ်။ ၎င်းတို့ရဲ့အသက်အန္တရာယ်နှင့် လူမှုဒုက္ခအဝဝအတွက် စိုးရိမ်ဖွယ်ရာအဆင့်မှာရှိပါတယ်။ SSPP ၊ SSA နှင့် အစိုးရတို့က ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအတွက် လက်မှတ်ထိုးထားတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ ယခုလက်ရှိတွင်လည်း ဆွေးနွေးနေဆဲလို့ သိရှိရပါတယ်။ နိုင်ငံတော်သမ္မတနှင့်တကွ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်အဖွဲ့အစည်း တစ်ခုလုံးသည် ပြည်သူပြည်သားများ၏အကျိုးကို မျှော်ကိုး၍ ငြိမ်းချမ်းရေးတည်ဆောက်ရေးလမ်းစဉ်တွင် တစ်နိုင်ငံလုံး အပစ်ရပ်ဆိုင်းပြီး လက်နက်ကိုင်ပဋိပက္ခများ၊ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ဆန္ဒကြီးမြတ်စွာရှိပါသည်ဟု ယုံကြည်မျှော်လင့်ရင်း ရှမ်းပြည်နယ်အတွင်းရှိ စစ်ဘေးရှောင် လူမှုဒုက္ခအဝဝ ခံစားနေရတဲ့ဒုက္ခသည်များကို အစိုးရက ပြည့်ပြည့်ဝဝထိထိရောက်ရောက် ကူညီပေးပါရန်အဆိုအား လှိုက်လှိုက်လှဲလှဲ ထောက်ခံကြိုဆိုအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဒေါက်တာဇော်မြင့်မောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဇော်မြင့်မောင်(ကျောက်ပန်းတောင်းမဲဆန္ဒနယ်)။** ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကျောက်ပန်းတောင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဒေါက်တာ ဇော်မြင့်မောင် ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ဖြစ်နေတဲ့ အစိုးရနှင့် SSPP၊ SSA တိုက်ပွဲအတွင်းမှာ ကျွန်တော်တို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံးဒုက္ခရောက်နေကြပါတယ်။ ယနေ့ ဂျာနယ်များမှာလည်း စစ်ဘေးရှောင်ဒုက္ခသည်များ အကြောင်းကို တခမ်းတနား သီးခြားဖော်ပြနေကြပါတယ်။ ဒီဟာတွေကို တွေ့ရတဲ့အခါမှာ ကျွန်တော်တို့တစ်တွေဟာ နိုင်ငံရဲ့ အပစ်အခတ်ရပ်စဲရေး NCA စာချုပ်ချုပ်နေပေမယ့် အားလုံးလည်း မပါဝင်သေးပါဘူး။ ဒါပေမဲ့ ၂၁ ရက်နေ့က နေပြည်တော်မှာလုပ်သွားတဲ့ ငြိမ်းချမ်းရေးမူဘောင် ဆွေးနွေးပွဲ ဆောင်ရွက်နေတဲ့အချိန်မှာတောင် ကျွန်တော်တို့တစ်တွေရဲ့ ရှမ်းပြည်နယ်မှာရှိတဲ့ ပြည်သူလူထု တိုင်းရင်းသား၊ ညီအစ်ကိုမောင်နှမများ၊ ရှမ်းတိုင်းရင်းသားများအားလုံး အတိဒုက္ခရောက်နေတာကိုတော့ ကူညီပံ့ပိုးမှုနည်းပါးနေတာတွေ့ရပါတယ်။ ဥပမာအားဖြင့် Humanitarian Aid လို့ခေါ်တဲ့ အကူအညီပေးရမယ့် လူသားချင်းစာနာအကူအညီပေးမှုဟာ မတွေ့ရသလောက် ရှိနေပါတယ်။ အထူးသဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းလေးတွေက ခုနက ဒေါ်နန်းဝါနု၊ ကွန်ဟိန်းမဲဆန္ဒနယ် တင်သွားသလိုပါပဲ။ ရှမ်းပြည်နယ် ပြည်သူလူထု CSA လူငယ်ကွန်ယက်တချို့ကသာ အကူအညီ နည်းနည်းပါးပါးပေးနေတာပဲရှိပါတယ်။ အကူအညီအများကြီးလိုပါသေးတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ အစိုးရအနေနဲ့ ဒီဖြစ်နေတဲ့တိုက်ပွဲတွေဟာ လူသားချင်းစာနာမှုအကူအညီကို အစိုးရဘက်က အားလုံးတာဝန်ယူဆောင်ရွက်သင့်တယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒါကြောင့်မို့လို့ ရှမ်းပြည်နယ် (တောင်ပိုင်း)မှာဖြစ်နေတဲ့ SSPP၊ SSA နှင့် တပ်မတော်အစိုးရတိုက်ပွဲမှာ အတိဒုက္ခရောက်နေတဲ့ ရှမ်းပြည်နယ် ပြည်သူလူထုအား အစိုးရဘက်က တာဝန်ယူအကူအညီပေးဖို့အကြောင်း ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။အစဉ်အတိုင်း ဒေါက်တာဒေါ်သန်းငွေ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်သန်းငွေ(ကလောမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ကလောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်သန်းငွေ ဖြစ်ပါတယ်။ ကျွန်မတို့ တောင်ကြီးမြို့နယ်နှင့် မိုင် ၁၃၀ ဝေးတဲ့ ကျေးသီးမြို့နယ်တွေမှာ မိုင်းနောင်မြို့အပါအဝင် တပ်မတော်ကနေ အပစ်အခတ်ရပ်စဲမှုကြောင့်လည်းကောင်း၊ နောက်ပြီးတော့မှ ၆ ရက် အောက်တိုဘာလကနေ နိုဝင်ဘာလအလယ်လောက်အထိကို တစ်လကျော်ကြာ မိုင်းရှူးဒေသ နောင်စိပ်၊ နားပေ၊ တာဇံဖူးဒေသတွေမှာ တိုက်ပွဲများဖြစ်တဲ့အတွက်ကြောင့်မို့ အဲဒီမှာနေထိုင်ကြတဲ့ ဒေသခံပြည်သူအများ ဒုက္ခရောက်နေကြပြီးတော့မှ စစ်ပြေးဒုက္ခသည်အနေနဲ့ နီးစပ်ရာမြို့နယ်တွေမှာ သွားရောက်ခိုလှုံနေကြရတယ်

မူကြမ်း

ဆိုတာကို ပြည်သူအများ သိရှိပြီးဖြစ်ပါတယ်။ အဲဒီပြည်သူတွေဟာ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူပြီးတော့မှ အေးအေးချမ်းချမ်းနဲ့ သူတို့ဒေသတွေမှာ ဒေသခံတိုင်းရင်းသားတွေရဲ့ဘဝကို နဂိုကတည်းက တောင်ယာတွေမှာ ဆင်းဆင်းရဲရဲနဲ့ နေထိုင်ကြရတယ်။ နောက်ပြီးတော့မှ လူမှုအဆင့် အတန်းနိမ့်နေရတဲ့အထဲ အားကိုးရာမဲ့အခြေအနေမှာ ဘူးလေးရာ ဖရုံဆင့်ဆိုသလိုမျိုး အခု နေအိမ်စွန့်ခွာပြေးနေကြရတဲ့ စစ်ဘေးဒုက္ခသည်တွေအဖြစ် ခိုလှုံကြတာကလည်း လူ့အခွင့်အရေး လျစ်လျူရှုခံနေရတယ်လို့ ကျွန်မတို့က ယူဆပါတယ်။ အထူးသဖြင့် စစ်ဘေးရှောင်နေတဲ့ ကလေးတွေရဲ့ပညာရေးအခက်အခဲနဲ့ ကြုံတွေ့နေရပါတယ်။ နောက် အမျိုးသမီးများကလည်း မီးဖွားတဲ့နေရာနဲ့၊ မီးဖွားနေတဲ့အချိန်အခါနဲ့ နောက်ပြီးတော့မှ သူတို့ရဲ့ ကျန်းမာရေးရယ်၊ သက်ကြီးရွယ်အိုတွေရဲ့ ကျန်းမာရေးတွေကိုလည်း စောင့်ရှောက်မှုကို အများကြီးလိုအပ်နေတာ တွေ့ရပါတယ်။ အဲဒီတော့ အဲဒီဆုံးရှုံးနေတဲ့ သူတို့တွေရဲ့ ဆုံးရှုံးတဲ့ အသက်၊ အိုးအိမ်စည်းစိမ်၊ တောင်ယာလုပ်ငန်းတွေကို ပြန်လည်ထူထောင်ဖို့အတွက် သူတို့မှာ အခက်အခဲများစွာတွေ့နေကြရပါတယ်။ အဲဒီဒေသတစ်ခွင်မှာဖြစ်နေတဲ့ ငြိမ်းချမ်းရေးရဖို့ကလည်း လက်နက်ကိုင်နဲ့ ဖြေရှင်းလို့မရနိုင်ပါဘူး။ နိုင်ငံရေးနည်းလမ်းနဲ့ စေ့စပ်ညှိနှိုင်းအဖြေရှာပြီးတော့မှ ငြိမ်းချမ်းရေးကို အမြန်ဆုံးအကောင်အထည်ဖော်ဖို့ ပဋိပက္ခဖြစ်နေတဲ့ အဖွဲ့များအားလုံးကို ကျွန်မက တိုက်တွန်းချင်ပါတယ်။ နောက်တစ်ခုကလည်း ဒီမှာ လူသားချင်းစာနာမှု အထောက်အကူတွေကို အစိုးရပိုင်းကနေ ထိထိရောက်ရောက်လုပ်တာကို မတွေ့ရပါဘူး။ လူသားချင်းစာနာမှုအကူအညီတွေကို အရပ်ဘက်လူမှု အဖွဲ့အစည်းတွေ၊ ကျောင်းသားတွေ၊ နိုင်ငံရေးပါတီအချို့တွေနဲ့ CSO ၊ NGO နည်းနည်းပါးပါးကပဲ ကူညီနေတာတွေ့ရပါတယ်။ အဲဒါကြောင့် အစိုးရမှ အဓိကတာဝန်ရှိတဲ့ တာဝန်ယူရန်လိုတယ်ဆိုတာ ကျွန်မအနေနဲ့ ထောက်ပြရင်း ကျေးသီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စိုင်းအွမ်ဆိုင်မိုင်း တင်သွင်းသွားတဲ့ အရေးကြီးအဆိုကို ထောက်ခံပါကြောင်း ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ရှမ်းပြည်နယ်က မိုက်တောင်းတာ ပြန်ပြီးပိတ်ပိတ်သွားလို့ ဆွေးနွေးစရာရှိလား။ ဦးစိုင်းဝင်းခိုင်ကို မိုက်ပေးပါ။

**ဦးစိုင်းဝင်းခိုင်(သိန္နီမဲဆန္ဒနယ်)**။ ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ သိန္နီမဲဆန္ဒနယ်က ဦးစိုင်းဝင်းခိုင် ဖြစ်ပါတယ်။ အဆိုနဲ့ပတ်သက်ပြီး အနည်းငယ် ဆွေးနွေးတင်ပြလိုပါတယ်။ ၆-၁၀-၂၀၁၅ ရက်နေ့မှ ယနေ့အထိ ဖြစ်ပွားနေသော ရှမ်းပြည်နယ်အတွင်း အစိုးရတပ်မတော်နှင့် SSPP ၊ SSA တို့၏ စစ်ပွဲများကြောင့် ဒေသခံပြည်သူများသည် မိမိ၏အိုးအိမ်၊ ခြံမြေများကို စွန့်လွှတ်ပြီး

နီးစပ်ရာ ရှမ်းပြည်နယ် မြို့နယ်အသီးသီးသို့ ထွက်ပြေးတိမ်းရှောင်နေသည်ကို တွေ့ရှိနေရပါတယ်။ ထိုသို့တိမ်းရှောင်ခြင်းကြောင့် စစ်ဘေးရှောင်ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စားဝတ်နေရေး အခက်အခဲကြုံတွေ့နေရပါတယ်။ ဒါကြောင့် အနယ်နယ်အရပ်ရပ်မှာရှိသော ပြည်သူလူထုများ၊ အဖွဲ့အစည်းများ၊ NGO များကလည်းကောင်း၊ ပါတီများက စာနာထောက်ထားသောအားဖြင့် ငွေကြေး၊ အစားအသောက်၊ အဝတ်အထည်များကို ဝိုင်းဝန်းပံ့ပိုးနေကြောင်း သိရှိရပါတယ်။ ထိုဝိုင်းဝန်းပံ့ပိုးကူညီကြသော ပြည်သူများ၊ အဖွဲ့အစည်းများ၊ NGO များ၊ ပါတီများအားလုံးကိုလည်း ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း မှတ်တမ်းတင်အပ်ပါတယ်ခင်ဗျား။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အဓိကပြောလိုသည်မှာ မြန်မာနိုင်ငံအတွင်း ပြည်တွင်း ထာဝရငြိမ်းချမ်းရေးရဖို့အတွက် နိုင်ငံရေးနည်းလမ်းအရ စေ့စပ်ညှိနှိုင်းအဖြေရှာခြင်းသည်သာလျှင် အမှန်ကန်ဆုံးနည်းလမ်းဖြစ်ပါကြောင်း တင်ပြပါရစေ။ လက်နက်ကိုင်နည်းဖြင့် ဖြေရှင်းခဲ့သည်လည်း နှစ်ပေါင်း ၆၀ ကျော်ပါပြီ။ ခေတ်မီသောနည်းလမ်းလည်း မဟုတ်တော့ပါဘူး။ ကမ္ဘာကလည်း လက်မခံကြတော့ပါဘူး။ စားပွဲပေါ်မှာ လက်တွေ့ဖြေရှင်းခြင်းသာလျှင် အားလုံးက လက်ခံနေကြပါတယ်။ ကမ္ဘာ့နိုင်ငံအချို့ တိုင်းပြည်မှာလည်း ပြည်တွင်းစစ်များရှိခဲ့ပါတယ်။ နိုင်ငံရေးနည်းလမ်းဖြင့် စားပွဲပေါ်မှာ စေ့စပ်အဖြေရှာပြီး စစ်ပြေငြိမ်း၍ တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့တဲ့နိုင်ငံသည်လည်း အများကြီးရှိပါတယ်။ စစ်ဖြစ်ခြင်းကြောင့် အပြစ်မဲ့ ပြည်သူလူထုများသာလျှင် ကြားညှပ်ပြီး အသက်အိုးအိမ်စည်းစိမ်များသာ ထိခိုက်နစ်နာသည်ကိုလည်း အများသိ၊ ကမ္ဘာသိ ဖြစ်နေရပါတယ်။ နှစ်ပေါင်း ၆၀ အတွင်း စစ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများနှင့် စစ်အသုံးစရိတ်များအားလုံးကို စုပေါင်းပြီး တိုင်းပြည်ကြီးကို တိုင်းရင်းသားများအားလုံး အတူတကွ လက်တွဲတည်ဆောက်ခဲ့မယ်ဆိုရင် ကျွန်တော်တို့တိုင်းပြည်သည်လည်း အင်မတန်မှ အေးချမ်းလှပတဲ့ ဖက်ဒရယ် ဒီမိုကရေစီ တိုင်းပြည်ကြီးဖြစ်နေမှာအမှန်ပဲဖြစ်ပါတယ်။ စစ်ပွဲကြောင့်ဖြစ်ခဲ့ရသော သင်ခန်းစာအမျိုးမျိုးကိုရယူပြီး စစ်ကို ရပ်စဲသင့်ပါကြောင်းတိုက်တွန်းပါရစေ။ ထာဝရငြိမ်းချမ်းရေးလည်း အမြန်ဆုံးရပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ဒါကြောင့် ကျေးသီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအွမ်ဆိုင်မိုင်း တင်သွင်းသောအဆိုကို လှိုက်လှိုက်လှဲလှဲကြိုဆိုထောက်ခံတင်ပြအပ်ပါကြောင်း ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ဆွေးနွေးချက်များ လုံလောက်ပြီလို့ ကျွန်တော် ထင်ပါတယ်။ အားလုံးကထောက်ခံဆွေးနွေးသွားတာပဲ ဖြစ်ပါတယ်။ ဦးခိုင်မောင်ရည်လည်း ထောက်ခံဆွေးနွေးမှာပဲ

မဟုတ်လားခင်ဗျား။ ဒါဆိုရင် ကျွန်တော်တို့ ကျေနပ်ပါခင်ဗျာ။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားလေး ပြောပေးပါခင်ဗျာ။

**ဗိုလ်မှူးချုပ်အောင်သော်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးမင်္ဂလာပါ။ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေးသီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအွမ်ဆိုင်မိုင်းရဲ့ ရှမ်းပြည်နယ်ဒေသတချို့၌ လက်တလောဖြစ်ပွားနေသော စစ်ပွဲများကြောင့် လူမှုဒုက္ခအဝဝကြုံတွေ့နေရသည့် စစ်ဘေးရှောင် ပြည်သူများကို နိုင်ငံတော်အစိုးရမှ ထိထိရောက်ရောက် တာဝန်ယူပြီး အမြန်ဆုံးကူညီစောင့်ရှောက်ပေးပါရန် တိုက်တွန်းကြောင်း အရေးကြီးအဆိုနှင့်ပတ်သက်လို့ ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုကမ်းလှမ်းဖိတ်ခေါ်ခဲ့သည့်အချိန် ၂၀၁၁ ခုနှစ် ဩဂုတ်လမှစပြီး တပ်မတော်က ထိုးစစ်ဆင်မှုများကိုရပ်တန့်ထားခဲ့ပြီး နယ်မြေခံလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကာကွယ်ရေးအတွက် လိုအပ်သည့်လုံခြုံရေးကိစ္စရပ်များကိုသာ ဆောင်ရွက်ခဲ့ပါတယ်။ ဒီအချက်ကိုလည်း အတိအလင်းအသိပေးကြေညာထားခဲ့ပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီးမှာ တိုက်ပွဲများဖြစ်ပွားနေမှုအခြေအနေအကျဉ်းကို တင်ပြလိုပါတယ်။ SSA (ဝမ်ဟိုင်း)လက်နက်ကိုင်အဖွဲ့ဟာ သဘောတူသတ်မှတ်ထားသောနေရာများကို ကျော်လွန်ပြီး အင်အားနယ်မြေချဲ့ထွင်ရန် ရည်ရွယ်ချက်ဖြင့် နယ်မြေခံလူထုကို စည်းရုံးသိမ်းသွင်း ကန့်သတ်မှုများပြုလုပ်ခြင်း၊ သွားလာမှုလမ်းကြောင်းများပိတ်ဆို့ခြင်းများပြုလုပ်လျက်ရှိရာ တပ်မတော်က သတ်မှတ်နေရာတွင်သာ အခြေပြုရေး၊ လမ်းကြောင်းပိတ်ဆို့ထားမှုများ ဖယ်ရှားရေးတို့ကို အကြောင်းကြားခဲ့သော်လည်း SSA (ဝမ်ဟိုင်း) လက်နက်ကိုင်အဖွဲ့အနေဖြင့် တပ်မတော်တပ်စခန်းများကို အကြိမ်ကြိမ် ထိုးစစ်ဆင်တိုက်ခိုက်ခြင်း၊ နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အနှောင့်အယှက်ပြုသည့်လုပ်ရပ်များ ဆက်လက်လုပ်ဆောင်လျက်ရှိခြင်းတို့ကြောင့် တပ်မတော်က ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်ရန်နှင့် နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးပြန်လည်ရရှိစေရန် တန်ပြန်လုပ်ဆောင်မှုများကို မလွှဲမရှောင်သာ ဆောင်ရွက်ခဲ့ရခြင်းကြောင့် တိုက်ပွဲများဖြစ်ပွားနေခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ SSA (ဝမ်ဟိုင်း)လက်နက်ကိုင်အဖွဲ့အနေဖြင့် အဓမ္မလူသစ်စုဆောင်း အင်အားတည်ဆောက်လျက်ရှိတာကို

၂၀၁၅ ခုနှစ်မှာ ၂၀၁၁ ခုနှစ်က အင်အားရာခိုင်နှုန်း ၁၁၀ ကျော်ရှိနေတာကို သိရှိရပါကြောင်း ကြားဖြတ်ပြီး တင်ပြလိုပါတယ်။

တိုက်ပွဲများဖြစ်ပွားနေမှုနှင့် SSA (ဝမ်ဟိုင်း)အဖွဲ့ရဲ့ စစ်ရေးလှုပ်ရှားမှုများကို ၂-၁၁-၂၀၁၅ ရက်နေ့နဲ့ ၁၁-၁၁-၂၀၁၅ ရက်နေ့ထုတ် မြဝတီသတင်းစာမှာဖော်ပြပြီး နိုင်ငံတော်နှင့် ပြည်သူလူထုကို အသိပေးတင်ပြခဲ့ပါတယ်။ ခြုံပြီးတင်ပြရရင် ၆-၁၀-၂၀၁၅ ရက်နေ့မှ ယနေ့ထိ ယင်းဒေသအတွင်း တိုက်ပွဲဖြစ်စဉ် ၁၀၃ ကြိမ်ဖြစ်ပွားခဲ့ပါတယ်။ ယင်းတို့နှင့် နယ်မြေအတွင်းရှိ နောက်တန်းဌာနချုပ် တည်ရှိရာနေရာများကို လာရောက်ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်အချို့ကိုလည်း တင်ပြလိုပါတယ်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့နှင့် ၂၈ ရက်နေ့တို့မှာ တပ်ရင်းဌာနချုပ် (မိုင်းစံ)သို့လာရောက် ပစ်ခတ်တိုက်ခိုက်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၆၊ ၁၈၊ ၂၆၊ ၃၀ ရက်နေ့တို့တွင် တပ်ရင်းဌာနချုပ် (ဝိန်းကောင်)သို့ လာရောက်ပစ်ခတ်တိုက်ခတ်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်၊ ၃ ရက်၊ ၉ ရက်နေ့တို့တွင် စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (မိုင်းနောင်)သို့ လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့ပါတယ်။ တပ်မတော် တပ်စခန်းများဟာ လုံခြုံရေးအရ လိုအပ်သောအတားအဆီးများ ပြုလုပ်ထားတာကြောင့် SSA (ဝမ်ဟိုင်း)အဖွဲ့အနေနဲ့ လာရောက်တိုက်ခိုက်တဲ့အချိန်မှာ အများပြည်သူ များနေထိုင်တဲ့နေရာများမှ လူထုကို အကာအကွယ်ယူပြီး တိုက်ခိုက်ခဲ့မှုများ ပြုလုပ်လာခဲ့ပါတယ်။ တစ်နည်းအားဖြင့် SSA (ဝမ်ဟိုင်း)လက်နက်ကိုင်အဖွဲ့အား လူထုကို ဒိုင်းသဖွယ်အသုံးပြုပြီး တပ်မတော်တပ်စခန်းများကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုလုပ်ရပ်တွေကြောင့် စိုးရိမ်မကင်းဖြစ်ကြ ရတဲ့ ပြည်သူလူထုဟာ မိမိနေရပ်များမှ ရှောင်တိမ်းမှုများ ပြုလုပ်ခဲ့ကြရပါတယ်။ မြေပြင်သတင်းများ အရ ဝမ်ဟိုင်းဒေသတိုက်ပွဲများကြောင့် တိုက်ပွဲရှောင်ဒေသခံပြည်သူများ ကျား ၁၄၀၆ ဦး၊ မ ၂၁၂၈ ဦး၊ သံဃာ ၁ ပါး စုစုပေါင်း ၃၅၃၅ ဦးရှိကြောင်း သိရှိရပါတယ်။ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေနဲ့ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေများရှိ ဘုန်းတော် ကြီးကျောင်းများ၊ ပရဟိတစေမွရိပ်သာများတွင် တိုက်ပွဲရှောင်ဒေသခံပြည်သူများခိုလှုံရောက်ရှိနေထိုင် လျက်ရှိကြပါတယ်။ မြေပြင်စာရင်းများအရ ဖြန့်ခွဲခိုလှုံနေထိုင်မှုအခြေအနေကိုတင်ပြလိုပါတယ်။ မန်ဆူ ဘုန်းတော်ကြီးကျောင်း(လားရှိုး) ၁၄၁ ဦး၊ ဝေဠုဝန်ကျောင်းတိုက် (တောင်ကြီး) ၁၅၈ ဦး၊ မင်္ဂလာ ရန်အောင်ဘုန်းတော်ကြီးကျောင်း (မိုင်းနောင်) ၅၉ ဦး၊ ကျောင်းခမ်း ဘုန်းတော်ကြီးကျောင်း(လဲချား) ၈၇ ဦး၊ ကျောင်းပန်ဘုန်းတော်ကြီးကျောင်း(လဲချား) ၉၆ ဦး၊ တိန်းချောင်းပရဟိတစေမွရိပ်သာ(နမ့်စန်) ၅၇ ဦး၊ ဝမ်ဆော့ဘုန်းတော်ကြီးကျောင်း ၁၁၈၈ ဦး၊ ဟိုက်ပါဘုန်းတော်ကြီးကျောင်း(မိုင်းရှူး) ၁၁၈၅ ဦး၊

မူကြမ်း

ယုံစမ်းဘုန်းတော်ကြီးကျောင်း (မိုင်းရှူး) ၃၅၃ ဦး၊ အောင်ရတနာဘုန်းတော်ကြီးကျောင်း(မိုင်းရှူး) ၁၀၁ ဦး၊ နားစံဓမ္မဘုန်းတော်ကြီးကျောင်း(မိုင်းရှူး) ၁၁၀ ဦး စုစုပေါင်း ၃၅၃၅ ဦးဖြစ်ပါတယ်။ တပ်မတော်က နယ်မြေလုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သောဆောင်ရွက်မှုများ လုပ်ဆောင်လျှင် တစ်ဖက်ကလည်း ဘေးဒုက္ခကြုံတွေ့နေရသော တိုက်ပွဲရှောင်ပြည်သူများကိုလည်း ကူညီအားပေး စောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိပါတယ်။ အချို့ကိုတင်ပြလိုပါတယ်။ ၁၂-၁၁-၂၀၁၅ ရက်နေ့မှာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဘုန်းမြတ်ဦးစီးအဖွဲ့ဟာ လားရှိုးမြို့ရှိ မန်ဆူ ဘုန်းတော်ကြီးကျောင်းမှ တိုက်ပွဲရှောင်ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ပါတယ်။ ၁၆-၁၁-၂၀၁၅ ရက်နေ့တွင် နမ့်စန်တပ်နယ်မှူး ဗိုလ်မှူးချုပ်အောင်ကျော်စိုး ဦးစီးအဖွဲ့ဟာ နမ့်စန်မြို့နယ် တိန်းချောင်းပရဟိတ ဓမ္မရိပ်သာသို့ သွားရောက်၍ တိုက်ပွဲရှောင်ဒေသခံပြည်သူများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်း များပေးအပ်ခဲ့ပါတယ်။ ၁၈-၁၁-၂၀၁၅ ရက်နေ့မှာ လှုပ်ရှားအမှတ်(၃)စစ်ဗျူဟာအဖွဲ့ (လဲချား)မှ စစ်ဗျူဟာမှူးဦးစီးအဖွဲ့ဟာ လဲချားမြို့ရှိ ကျောင်းခမ်းဘုန်းတော်ကြီးကျောင်းနှင့် ကျောင်းပန်ဘုန်းတော် ကြီးကျောင်းသို့သွားရောက်၍ တိုက်ပွဲရှောင်ဒေသခံ ပြည်သူများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ပါတယ်။ ၁၉-၁၁-၂၀၁၅ ရက်နေ့မှာ ရှေ့တန်းအမှတ်(၁၇) စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်မှ စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်ခင်မောင်ထွေးဦးစီးအဖွဲ့ဟာ မိုင်းရှူးမြို့ရှိ အောင်ရတနာ ဘုန်းတော်ကြီးကျောင်း၊ ယုံစမ်းဘုန်းတော်ကြီးကျောင်းနှင့် နားစံဓမ္မဘုန်းကြီးကျောင်းသို့ သွားရောက်၍ တိုက်ပွဲရှောင်ဒေသခံပြည်သူများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်း များပေးအပ်ခဲ့ပါတယ်။ ၂၀-၁၁-၂၀၁၅ ရက်နေ့မှာ အမှတ်(၁၀) စစ်မြေပြင်ဆေးတပ်ရင်းမှ ယာယီ တပ်ရင်းမှူး ဗိုလ်မှူးဖြိုးဆွေမြင့် ဦးစီးပါရဂူဆေးမှူး၊ သူနာပြုအရာရှိများပါဝင်သော ဆေးကုသရေး အဖွဲ့အား လားရှိုးမြို့၊ မန်ဆူဘုန်းတော်ကြီးကျောင်းရှိ တိုက်ပွဲရှောင်ဒေသခံပြည်သူ ၅၉ ဦးအား ဆေးကုသပေးမှုများ ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀-၁၁-၂၀၁၅ ရက်နေ့မှာပဲ အရှေ့ပိုင်းတိုင်းစစ် ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အေးဝင်း ဦးစီးအဖွဲ့ဟာ တောင်ကြီးမြို့ရှိ ဝေဠုဝန်ကျောင်းတိုက်သို့ သွားရောက်၍ တိုက်ပွဲရှောင်ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ ပစ္စည်းများပေးအပ်ခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ရှမ်းပြည်နယ်ဒေသတချို့၌ လတ်တလောဖြစ်ပွားနေသော စစ်ပွဲများကြောင့် လူမှုဒုက္ခအဝဝကြုံတွေ့နေရသော စစ်ဘေးရှောင် ပြည်သူများကို နိုင်ငံတော်အစိုးရမှ ထိထိရောက်ရောက် တာဝန်ယူ၍ အမြန်ဆုံးကူညီစောင့်ရှောက်

ပေးပါရန် တိုက်တွန်းကြောင်း အရေးကြီးအဆိုနှင့်ပတ်သက်ပြီး တပ်မတော်အနေနဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စာချုပ်ပါ လိုက်နာရမည့်အချက်များအတိုင်း လိုက်နာဆောင်ရွက်လျက် ရှိပြီး ပြည်သူလူထုရဲ့အသက်အိုးအိမ် စည်းစိမ်ကာကွယ်စောင့်ရှောက်ရေး၊ နယ်မြေလုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် တစ်ချိန်ထဲမှာပဲ တိုက်ပွဲရှောင်ပြည်သူလူထုကိုလည်း စောင့်ရှောက်ကူညီမှုများ ပြုလုပ်ပေးလျက်ရှိပါ ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားရှိရင်ပြောပြပါ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု ရှမ်းပြည်နယ်၊ ကျေးသီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအွမ်ဆိုင်မိုင်းရဲ့ အရေးကြီးအဆိုနဲ့စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနများရဲ့ တင်ပြချက်များကို စုစည်းပြီးတော့မှ တင်ပြသွားမှာဖြစ်ပါတယ်။ ၁၁-၁၀-၂၀၁၅ ရက်နေ့မှစပြီးတော့ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ မိုင်းရှူးမြို့နယ်နှင့် ကျေးသီးမြို့နယ်အတွင်းမှာ တပ်မတော်နှင့် SSPP၊ SSA တို့ထိတွေ့မှု ဖြစ်ပွားခဲ့တဲ့နေရာမှာ ကျေးသီးမြို့နယ်နှင့်မိုင်းရှူးမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာမှ ပြည်သူတွေဟာ နီးစပ်ရာတောင်ကြီးမြို့နယ်၊ နမ့်စန်မြို့နယ်၊ မိုင်းရှူးမြို့နယ်၊ လွိုင်လင်မြို့နယ်၊ လဲချားမြို့နယ်၊ ကျေးသီး မြို့နယ်နဲ့ လားရှိုးမြို့နယ်များမှာရှိတဲ့ ခိုလှုံရေးစခန်းမှာ ရောက်ရှိနေထိုင်လျက်ရှိကြောင်း သိရှိရပါတယ်။ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ မိုင်းရှူးမြို့နယ်မှာ ရပ်ကွက် ၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၇ အုပ်စု၊ ကျေးရွာပေါင်း ၁၇၆ ရွာနဲ့ ဖွဲ့စည်းထားပြီးတော့ အိမ်ခြေ ၁၄၄၂၈ အိမ်၊ အိမ်ထောင်စု ၁၄၃၀၁ စု၊ လူဦးရေပေါင်း ၇၁၆၈၆ ဦးခန့်ရှိကြောင်း၊ ကျေးသီးမြို့နယ်မှာ ကျေးသီးမြို့နှင့် မိုင်းနောင်မြို့ ၂ မြို့နဲ့ ဖွဲ့စည်းထားပြီးတော့ ရပ်ကွက် ၁၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၁ စု၊ ကျေးရွာပေါင်း ၂၆၀ ရွာ ရှိပြီးတော့ အိမ်ခြေ ၁၃၉၉၂ အိမ်၊ အိမ်ထောင်စု ၁၄၁၃၂ စု၊ လူဦးရေပေါင်း ၇၃၁၀၄ ဦးခန့်ရှိကြောင်း စိစစ်သိရှိရပါတယ်။

ဒီအိမ်ထောင်စုများကနေပြီးတော့ တိုက်ပွဲဖြစ်ပွားမှုကြောင့် နေအိမ်ကနေ စွန့်ခွာပြီးတော့မှ ယာယီ ရွှေ့ပြောင်းခဲ့ကြတဲ့နေရာမှာ ၂၁-၁၁-၂၀၁၅ ရက်နေ့အထိ ရှမ်းပြည်နယ်အတွင်း မြို့နယ် အသီးသီးမှာရှိတဲ့ ခိုလှုံရေးစခန်းမှာ ရောက်ရှိနေထိုင်လျက်ရှိတဲ့ စစ်ဘေးရှောင်ပြည်သူများအနေနဲ့ တောင်ကြီးမြို့နယ်အတွင်းမှာရှိတဲ့ ကျောင်းစုရပ်ကွက် နယ်မြေ ၆၊ ဝါးပြာအောက်လမ်းမှာရှိတဲ့ ဝေဠုဝန်ကျောင်းတိုက်မှာ ကျား ၄၃ ဦး၊ မ ၈၀ ဦး စုစုပေါင်း ၁၂၃ ဦး၊ နမ့်စန်မြို့နယ် မက်မွန်မုန်း ကျေးရွာ သဘာဝတရားရိပ်သာခိုလှုံရေးစခန်းကို အနီးပတ်ဝန်းကျင်ကျေးရွာမှ ပြည်သူ ကျား ၂၄ ဦး၊ မ ၃၀ ဦး စုစုပေါင်း ၅၄ ဦး၊ မိုင်းရှူးမြို့နယ် ဟိုက်ပါကျေးရွာဘုန်းကြီးကျောင်း ရပ်ကွက် ၁ မှာရှိတဲ့ ဆီစက်ဟောင်း၊ ရပ်ကွက် ၄ မှာရှိတဲ့ ယုံစမ်းဘုန်းကြီးကျောင်း၊ ရပ်ကွက် ၂ မှာရှိတဲ့ အောင်ရတနာ ဘုန်းကြီးကျောင်း၊ နားစံကျေးရွာ၊ ဓမ္မရောင်ခြည်ဘုန်းကြီးကျောင်း၊ နားစံဘုန်းကြီးကျောင်း၊ နောင်ချိတ် ကျေးရွာ မင်္ဂလာရန်အောင်ဘုန်းကြီးကျောင်း၊ ဝမ်ဆော့ကျေးရွာဘုန်းကြီးကျောင်းစတဲ့ ခိုလှုံရေးစခန်း ၈ ခုမှာ ပြည်သူကျား ၁၄၇၅ ဦးနှင့် မ ၁၉၃၁ ဦး စုစုပေါင်း ၃၄၀၆ ဦး၊ လွိုင်လင်မြို့နယ် ရပ်ကွက် ၄ မှာရှိတဲ့ ဆွေမျိုးများ နေအိမ်နှင့် ရပ်ကွက် ၄ မှာရှိတဲ့ ကုန်းနင်းဘုန်းကြီးကျောင်းမှာ ပြည်သူ ကျား ၃၃ ဦး၊ မ ၅၄ ဦး ပေါင်း ၈၇ ဦး၊ လဲချားမြို့နယ် ရပ်ကွက် ၃ ဓမ္မရုံသီကျောင်းပန်ကျောင်းနှင့် ဖွေးဟိုင်း ကျေးရွာမှာရှိတဲ့ ကျောင်းခမ်း ဘုန်းတော်ကြီးကျောင်းမှာ ပြည်သူ ကျား ၂၁၁ ဦးနဲ့ မ ၃၉၀ ဦး ပေါင်း ၆၀၁ ဦး၊ ကျေးသီးမြို့နယ် ဝမ်ဝကျေးရွာ ဘုန်းကြီးကျောင်းမှာ ပြည်သူ ကျား ၂၆၂ ဦး၊ မ ၅၀၄ ဦး စုစုပေါင်း ၇၆၆ဦး၊ လားရှိုးမြို့နယ် အမှတ်(၁၂)ရပ်ကွက် နယ်မြေ ၁၉ သိန်းနီလမ်းမှာရှိတဲ့ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်း ခိုလှုံရေးစခန်းမှာ မိုင်းရှူးမြို့နယ် ဝမ်ထန်ကျေးရွာနှင့် ဝမ်ဆော့ကျေးရွာမှ ပြည်သူ ကျား ၂၂ ဦး၊ မ ၇၉ ဦး စုစုပေါင်း ၁၀၁ ဦးတို့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၂၁-၁၁-၂၀၁၅ ရက်နေ့အထိ ရှမ်းပြည်နယ်အတွင်း မြို့နယ် ၇ မြို့နယ် ခိုလှုံရေးစခန်း ၁၆ ခုကိုရောက်ရှိနေတဲ့ စစ်ဘေးရှောင်ပြည်သူ စုစုပေါင်းဟာ ၅၁၃၈ ဦးရှိပါတယ်။ မိုင်းနောင်မြို့ မင်္ဂလာရန်အောင်ဘုန်းတော်ကြီးကျောင်းကို ရောက်ရှိ ခိုလှုံခဲ့တဲ့ ဒေသခံပြည်သူတွေကတော့ နယ်မြေအေးချမ်းလာတဲ့အတွက် ၁၅-၁၁-၂၀၁၅ ရက်နေ့မှာ မိမိတို့ရဲ့ နေရပ်ဒေသကို ပြန်သွားခဲ့ပြီဖြစ်ကြောင်းလည်း သိရှိရပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအွမ်ဆိုင်မိုင်း တင်ပြခဲ့တဲ့ ရှမ်းပြည်နယ်အတွင်း ခိုလှုံ ရေးစခန်းမှာ ခိုလှုံနေကြတဲ့သူတွေကို ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နဲ့ ပြည်နယ်ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများမှ ကူညီထောက်ပံ့ပေး လျက်ရှိပါတယ်။ တောင်ကြီးမြို့နယ် ခိုလှုံရေးစခန်းမှာရှိတဲ့ စစ်ဘေးရှောင်ပြည်သူတွေကို၁၈-၁၁-

၂၀၁၅ ရက်နေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကနေ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ မျက်နှာသုတ်ပုဝါ၊ လုံချည်၊ ဆပ်ပြာ စသည်တို့ကိုလည်းကောင်း၊ ၁၉-၁၁-၂၀၁၅ ရက်နေ့မှာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်က ဆန်၊ ကြက်ဥ၊ တီးမစ်၊ ရေသန့်ဗူး၊ ခေါက်ဆွဲခြောက်၊ ငွေများကိုလည်းကောင်း၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့က ဆန်၊ ဆီ၊ ကုလားပဲ၊ သကြားများကိုလည်းကောင်း၊ ၂၀-၁၁-၂၀၁၅ ရက်နေ့မှာ တောင်ကြီးခရိုင် အမျိုးသမီး ရေးရာအဖွဲ့မှ စုစုပေါင်းငွေကျပ် ၁၁၄၅၀၀ တန်ဖိုးရှိ ဆန်နှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တောင်ကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ စားသောက် ဖွယ်ရာများကိုလည်းကောင်း ထောက်ပံ့ကူညီလှူဒါန်းခဲ့ပြီးတော့ ခိုလှုံရေးစခန်းများကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ လိုအပ်သည်များ ပေါင်းစပ်ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြောင်းရွှေ့နေထိုင်ကြတဲ့ ခိုလှုံရေးစခန်းမှာရှိတဲ့ ကျေးရွာသူကျေးရွာသားများကို ၂၀-၁၁-၂၀၁၅ ရက်နေ့အထိ နိုင်ငံတော်သမ္မတအစီအစဉ်နဲ့ ဆန် ၅ တန်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ တစ်လစာတို့ကို နမ့်စန်မြို့နယ်၊ လဲချားမြို့နယ်၊ ကျေးသီးမြို့နယ်၊ မိုင်းရှူးမြို့နယ်တို့မှာရှိတဲ့ ဖွံ့ဖြိုးရေးစခန်းများမှာရှိတဲ့ စစ်ဘေးရှောင်ပြည်သူများကို အချိုးကျခွဲဝေပေးတဲ့အပြင် အရပ်ဘက်လူမှု အဖွဲ့အစည်းများမှ ထောက်ပံ့လှူဒါန်းငွေမှာ နမ့်စန်မြို့နယ်မှာ ငွေကျပ် ၃၈.၁၄၄၄ သိန်း၊ လဲချားမြို့နယ် မှာ ငွေကျပ် ၁၀.၅၈၄၈ သိန်း၊ ကျေးသီးမြို့နယ်မှာ ငွေကျပ် ၅.၃၁၄၄ သိန်း၊ မိုင်းရှူးမြို့နယ်မှာငွေကျပ် ၂၉၇၂.၀၅၉၃ သိန်း စုစုပေါင်း ငွေကျပ် ၃၀၅၉.၂၅၄၉ သိန်း ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် လားရှိုးခရိုင်အတွင်းမှာရှိတဲ့ ဌာနဆိုင်ရာများကလည်း လားရှိုးမြို့နယ် ခိုလှုံရေးစခန်းမှာရှိတဲ့ ပြည်သူများအတွက် စားသုံးကုန်ပစ္စည်းစုစုပေါင်း ငွေကျပ် ၁၁ သိန်းအား ထောက်ပံ့ပေးခဲ့ကြောင်း သိရှိရပါတယ်။ ရှမ်းပြည်နယ်အတွင်းထိတွေ့မှု ဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်တွေ ကြောင့် အခြေခံပညာကျောင်းများ ပိတ်ထားခဲ့ရမှုအခြေအနေမှာ ကျေးသီးမြို့နယ်မှာ အခြေခံပညာ အထက်တန်းကျောင်း တစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တစ်ကျောင်း၊ အခြေခံ ပညာ အလယ်တန်းကျောင်း(ခွဲ) တစ်ကျောင်း၊ အခြေခံပညာ မူလတန်း(လွန်) သုံးကျောင်း၊ အခြေခံ ပညာမူလတန်းကျောင်းကိုးကျောင်း စုစုပေါင်း ၁၅ ကျောင်း ပိတ်ထားခဲ့ရကြောင်းသိရှိရပါတယ်။ ဒီစာသင်ကျောင်းများမှာ ဆရာဆရာမနှင့်အခြားပညာရေးဝန်ထမ်း ၁၁၄ ဦးနဲ့အထက်တန်း ကျောင်းသား ၁၁၀ ဦး၊ အလယ်တန်းကျောင်းသား ၅၆၅ ဦး၊ မူလတန်းကျောင်းသား ၂၄၁၀ ဦး စုစုပေါင်း ၃၀၈၅ ဦးရှိကြောင်း သိရှိရပါတယ်။

**မူကြမ်း**

မိုင်းရှူးမြို့နယ်ထိတွေ့မှု ဖြစ်စဉ်များကြောင့် ပိတ်ထားခဲ့ရတဲ့ စာသင်ကျောင်းများမှာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တစ်ကျောင်း၊ အခြေခံပညာ မူလတန်း(လွန်) ကျောင်းတစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း သုံးကျောင်း၊ အခြေခံပညာမူလတန်း(ခွဲ) ကျောင်းသုံး ကျောင်း စုစုပေါင်း ရှစ်ကျောင်း ဖြစ်ပြီးတော့ ဆရာဆရာမနှင့်အခြားပညာရေးဝန်ထမ်း စုစုပေါင်း ၄၅ ဦး၊ အထက်တန်း ကျောင်းသား ခုနစ်ဦး၊ အလယ်တန်းကျောင်းသား ၁၂၂ ဦး၊ မူလတန်းကျောင်းသား ၆၉၇ ဦး စုစုပေါင်း ၈၂၆ ဦးရှိကြောင်း သိရှိရပါတယ်။ ကျေးသီးမြို့နယ်ကနေ ခိုလှုံရေးစခန်းကို ရောက်ရှိလာတဲ့ ကျောင်းသား ကျောင်းသူတွေကို ပြည်နယ်အစိုးရအဖွဲ့နဲ့ ပညာရေးဝန်ကြီးဌာနရဲ့ အစီအစဉ်နဲ့ လဲချားမြို့ပေါ်မှာရှိတဲ့ အခြေခံပညာကျောင်းများမှာ ဆက်လက်ပညာသင်ကြားစေပြီးတော့ ကျောင်းသားကျောင်းသူ တစ်ဦးဦးကို ကျောင်းသုံး ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ် ခြောက်အုပ်၊ ခဲတံနှစ်ချောင်း၊ ဘောပင်တစ်ချောင်းနှင့် ကျောင်းသုံးလွယ်အိတ်တစ်လုံးစီကို ပညာရေးဝန်ကြီးဌာနက ထောက်ပံ့ပေးထားကြောင်း သိရှိရပါတယ်။ အလားတူ မိုင်းရှူးမြို့နယ်မှ ခိုလှုံရေးစခန်းများမှာရှိတဲ့ ကျောင်းသားကျောင်းသူများကိုလည်း မိုင်းရှူးမြို့ပေါ်မှာရှိတဲ့ အခြေခံပညာကျောင်းများမှာ ဆက်လက်ပညာသင်ကြားစေလျက်ရှိပါကြောင်း သိရှိရပါတယ်။ ရှမ်းပြည်နယ်အတွင်း ထိတွေ့မှုဖြစ်စဉ်များကြောင့် ကျေးရွာမှာရှိတဲ့ ခိုလှုံရေးစခန်းကို ရောက်ရှိနေသူများအနေနဲ့ ညဘက်အချိန် ခိုလှုံရေးစခန်းမှာ နေထိုင်ကြပြီးတော့ နေ့အချိန်တွေမှာတော့ ထိတွေ့မှုဖြစ်စဉ်မရှိလို့ရှိရင် မိမိတို့တောင်ယာများကို သွားရောက်လုပ်ကိုင်ခြင်း၊ ကျွဲ၊ နွားတိရစ္ဆာန်များ ထိန်းကျောင်းခြင်း လုပ်ကိုင်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့လည်း သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့မှ စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်ပြီးတော့ အကူအညီတောင်းခံလာမှုအပေါ် မူတည်ပြီးတော့ ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်းလည်း သိရှိရပါတယ်။ အထူးသဖြင့် ခိုလှုံရေးစခန်းများမှာရောက်ရှိနေတဲ့ ပြည်သူများအနေနဲ့ နယ်မြေဒေသအေးချမ်းတည်ငြိမ်လာပြီးတဲ့နောက် မိမိဒေသကို ပြန်လည်ရောက်ရှိသွားတဲ့အချိန်မှာ အချိန်မီစိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို သက်ဆိုင်ရာဌာနများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း ခိုလှုံရေးစခန်းမှာရှိတဲ့ စစ်ဘေးရှောင်ပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်လို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ကြီးကြပ်မှုနှင့် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂၊ ၁၃၊ ၁၄ ရက်နေ့မှာ Noble Heart ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့မှာရှိတဲ့ ဆရာဝန်တစ်ဦးနှင့် စေတနာ့

မူကြမ်း

ဝန်ထမ်း ၂၅ ဦးတို့ကနေပြီးတော့ လွိုင်လင်ခရိုင်အတွင်းမှာရှိတဲ့ ခိုလှုံရေးစခန်းများကို သွားရောက်ပြီးတော့ ဆေးဝါး ၃၀ မျိုး၊ စုစုပေါင်းတန်ဖိုးကျပ် ၅ သိန်းကိုလည်းကောင်း၊ ၁၁-၁၁-၂၀၁၅ ရက်နေ့မှစပြီးတော့ နေ့စဉ် လားရှိုး မန်ဆူဘုန်းတော်ကြီးကျောင်း ကယ်ဆယ်ရေးစခန်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်တစ်ဦး၊ သူနာပြုနှစ်ဦးတို့မှ သွားရောက်ပြီးတော့ ဆေးဝါး ၁၅ မျိုး စုစုပေါင်းတန်ဖိုးကျပ် ၅ သိန်းကိုလည်းကောင်း၊ ၁၈-၁၁-၂၀၁၅ ရက်နေ့မှစပြီးတော့ တောင်ကြီးမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန် သုံးဦး၊ သူနာပြု ခုနစ်ဦးတို့နဲ့ တောင်ကြီးမြို့၊ ဝေဠုဝန်ဘုန်းတော်ကြီးကျောင်း ကယ်ဆယ်ရေးစခန်းကို ဆေးဝါး ၂၅ မျိုး စုစုပေါင်းတန်ဖိုး ၅ သိန်းကိုလည်းကောင်း ကျန်းမာရေးစောင့်ရှောက်ကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါတယ်။

ထို့အပြင် ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ လူမှုရေးအသင်းအဖွဲ့များမှလည်း ပူးပေါင်းပြီးတော့မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။ ၂၁-၁၁-၂၀၁၅ ရက်နေ့မှာ လားရှိုးမြို့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံအုပ်ကြီးနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းတို့ ပူးပေါင်းပြီးတော့မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမြို့နယ်၊ ဝမ်ဝကျေးရွာမှာရှိတဲ့ ခိုလှုံရေးစခန်းမှာရှိတဲ့ ပြည်သူတွေအတွက် ငွေကျပ် ၂၅.၈ သိန်း တန်ဖိုးရှိတဲ့ အစားအသောက်များ၊ ဆေးဝါး၊ ဓာတ်ဆားထုပ်များနှင့် ယင်လုံအိမ်သာ ၅ စုံ တို့ကို တန့်ယန်း-မိုင်းရယ် ကားအသင်းအကူအညီနဲ့ ဝမ်ဝကျေးရွာကို ပေးပို့ခဲ့ကြောင်းလည်း သိရှိရပါတယ်။ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကိုလည်း ရှမ်းပြည်နယ်ရဲတပ်ဖွဲ့၊ သက်ဆိုင်ရာခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှပူးပေါင်းပြီးတော့ ဆောင်ရွက်လျက် ရှိပါတယ်။

ဒါကြောင့်မို့လို့ လတ်တလောဖြစ်ပွားနေတဲ့ ထိတွေ့မှုဖြစ်စဉ်များကြောင့် လူမှုဒုက္ခအဝဝကြုံတွေ့နေရတဲ့ ခိုလှုံရေးစခန်းမှာရှိတဲ့ စစ်ဘေးရှောင်ပြည်သူတွေကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ လမ်းညွှန်ချက်များနှင့်အညီ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ နိုင်ငံရေးပါတီများ၊ (INGOs/NGOs)များ ပူးပေါင်းပြီးတော့ လတ်တလောလိုအပ်ချက်များဖြစ်တဲ့ စားဝတ်နေရေးကိစ္စရပ်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိတဲ့အပြင် လုံခြုံရေး၊ ထောက်ပံ့ရေး၊ ပညာရေးနှင့် ကျန်းမာရေးကိစ္စရပ်များကိုလည်း ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိပြီးတော့ နယ်မြေအေးချမ်းမှုရှိပြီး နေရပ်အသီးသီးကို ပြန်လည်ဝင်ရောက်တဲ့အချိန်တွေမှာလည်း လိုအပ်တဲ့ပြန်လည် ထူထောင်ရေးကိစ္စရပ်များကို ဆောင်ရွက်ပေးရန် အစီအမံများ ရေးဆွဲထားပြီးဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအွမ်ဆိုင်မိုင်းရဲ့ အဆိုကို မှတ်တမ်းတင်သင့်ပါကြောင်းနှင့် ပြည်သူ့လွှတ်တော်ရဲ့

အဆုံးအဖြတ်ကို လိုက်နာဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အဆိုရှင် ဦးစိုင်းအွမ်ဆိုင်မိုင်း အနေနဲ့ သဘောထားပြောပါ။

**ဦးစိုင်းအွမ်ဆိုင်မိုင်း(ကျေးသီးမဲဆန္ဒနယ်)**။ ။ ဤအဆိုဟာ ပြည်သူများ စစ်ဘေးရှောင်ပြီးတော့ တကယ်ဒုက္ခရောက်နေရတဲ့အတွက် ကျွန်တော်ကိုယ်တိုင်လည်း မိုင်းနောင်မှာ ၁၀ ရက်၊ ၁၂ ရက်လောက် အဲဒီကြားထဲမှာ ကျွန်တော်ကိုယ်တိုင် အဲဒီမှာရှိပါတယ်။ ပြည်သူတွေ ခက်ခဲတဲ့ဟာလည်း ကျွန်တော့်ဆီမှာ စာရင်းဇယားတွေရှိထားပါတယ်။ အဲဒီဟာလည်း သီးသန့်အစီရင်ခံစာအဖြစ် ကျွန်တော်ထပ်မံတင်ပြမှာဖြစ်ကြောင်း နောက်ပြီးတော့ ဒီအရေးကြီးအဆိုကိုလည်း အတည်ပြုပေးဖို့ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ အဆိုတင်သွင်းတဲ့ ကိုယ်စားလှယ်အနေနဲ့ကလည်းပဲ ဆောင်ရွက်ပေးရမယ့်အကြောင်းကို ဘယ်လိုဆောင်ရွက်ပေးပါဆိုတာကို တိုက်တွန်းကြောင်း အဆိုပါ။ အဲဒီဟာနည်းတူပဲ ကျွန်တော်တို့ နိုင်ငံတော်အစိုးရအဖွဲ့အနေနဲ့ကလည်းပဲ ဝန်ကြီးဌာနအသီးသီး အနေနဲ့လည်း အဆိုရှင်တင်ပြတဲ့အတိုင်းပဲ အဆိုရှင်တင်တဲ့အဆိုအတိုင်းပဲ လက်ရှိအနေအထားအရလည်းပဲ သက်ဆိုင်ရာဝန်ကြီးဌာနများအနေနဲ့ စောင့်ရှောက်မှုများပေးနေတယ်ဆိုတဲ့အကြောင်းလည်း တင်ပြသွားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ မလုပ်တဲ့ကိစ္စဆိုရင်တော့ လုပ်ပေးဖို့အတွက်ကို ကျွန်တော်တို့က တိုက်တွန်းရမှာဖြစ်ပါတယ်။ အခုတော့ လုပ်ပေးနေတဲ့ အစိတ်အပိုင်းမှာ လုပ်ပေးနေပြီလို့ ပြောတဲ့အတွက် ကျွန်တော်တို့အနေနဲ့ မလုပ်ပေးရင်လည်းပဲ အများသိသာထင်ရှားစွာနဲ့ ကျွန်တော်တို့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ သိမှာပါပဲ။ မလုပ်ပေးဘဲနဲ့ လုပ်ပေးတယ်လို့လည်း ပြောတာလည်း မဖြစ်နိုင်ပါဘူး။ ဒါကြောင့်မို့လို့ ခုနက အဆိုရှင်ကိုယ်တိုင်ပြောသွားခဲ့တဲ့ အဆိုရှင်မှာ ရရှိထားတဲ့ သတင်းအချက်အလက်များနှင့်ပတ်သက်ပြီးတော့ လိုအပ်တဲ့ကိစ္စများရှိရင် တင်ပြပြီးတော့ ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ သို့သော်လည်း အဆိုအနေနဲ့ကတော့ မလုပ်သေးရင်တော့ လုပ်ပေးပါဆိုပြီးတော့ ကျွန်တော်တို့က အတည်ပြုပေးပြီးတော့ ကျွန်တော်တို့က ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ သို့သော်လည်း လက်ရှိအနေအထားကတော့ ဆက်လက်လုပ်ပေးနေပြီ။ လုပ်လည်းလုပ်ပေးနေတယ်။ ဆက်လက်ပြီးတော့လည်း ဆောင်ရွက်ပေးမှာဖြစ်ပါတယ်လို့ သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း ပြောပြီးသား

ဖြစ်တဲ့အတွက် အဆိုကို အတည်ပြုတဲ့အနေနဲ့ မဟုတ်တော့ဘဲနဲ့ မှတ်တမ်းတင်ထားမယ်လို့ ကျွန်တော် ဆုံးဖြတ်မယ်ဆိုရင် အဆိုရှင်အနေနဲ့ လက်ခံနိုင်လား။

**ဦးစိုင်းအွမ်ဆိုင်မိုင်း(ကျေးသီးမဲဆန္ဒနယ်)။** ။ ကျွန်တော်တို့ရဲ့ ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌရဲ့ ဆုံးဖြတ်ချက်အတိုင်း ကျွန်တော်နာခံပါ့မယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ကောင်းပါပြီ။ ကျေးဇူးတင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျေးသီးမဲဆန္ဒနယ်က ဦးစိုင်းအွမ်ဆိုင်မိုင်းကလည်း သူတို့ရဲ့ ရှမ်းပြည်နယ်ဒေသမှာရှိနေတဲ့ စစ်ဘေးရှောင်ပြည်သူများကို နိုင်ငံတော်အစိုးရကနေပြီးတော့ ထိထိရောက်ရောက် အမြန်ဆုံး တာဝန်ယူကူညီစောင့်ရှောက်ပေးပါဆိုပြီးတော့ အရေးကြီးအဆို တင်သွင်းသွားတာဖြစ်ပါတယ်။ ကျွန်တော်တို့ ထောက်ခံတဲ့ပုဂ္ဂိုလ်က ထောက်ခံခဲ့သလိုပဲ ဆွေးနွေးတဲ့ပုဂ္ဂိုလ်များကလည်း ဒီကိစ္စဟာ တကယ်ဆောင်ရွက်သင့်တဲ့ ကိစ္စဖြစ်တဲ့အတွက် ဆောင်ရွက်ပေးပါဆိုပြီးတော့ အားလုံးကလည်း ထောက်ခံပြောဆိုသွားတာ အားလုံးအသိပဲဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနများကလည်းပဲ သူတို့တွေရဲ့ ဆောင်ရွက်ပြီးစီးနေတဲ့ အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမှာပါလို့ ပြောထားတဲ့ ဟာကလည်း ဒါသူတို့ရဲ့ဆောင်ရွက်ပေးမယ့်ဟာကိုလည်း လက်ခံထားတဲ့သဘောဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ လွှတ်တော်အနေနဲ့ ဒီဟာကြီးကို မလုပ်ပေးတဲ့အတွက် လုပ်ပေးဖို့ အတွက်ကို အတည်ပြုပြီးတော့ မှတ်တမ်းတင်မှာမဟုတ်တော့ဘဲနဲ့ အဆိုပြုချက်အတိုင်းပဲ ဆောင်ရွက် ပေးနေတာဖြစ်တဲ့အတွက် ဒီကိစ္စကို ကျွန်တော်တို့ စောင့်ကြည့်ပြီး မှတ်တမ်းတင်စောင့်ကြည့်သွားမယ် လို့ပဲ ကျွန်တော် အဆုံးအဖြတ်ယူမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဦးစိုင်းအွမ်ဆိုင်မိုင်း တင်သွင်းသွားတဲ့ အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ် ၄ ဦးကလည်း ဆွေးနွေးသွားပြီးဖြစ်ပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီးတော့လည်းပဲ သက်ဆိုင်ရာဝန်ကြီးဌာနများကလည်းပဲ ဆောင်ရွက်ပေးနေတယ် ဆောင်ရွက်ပေးမယ်လို့ ဆုံးဖြတ်သွားပြီးသားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ရဲ့ အဆုံးအဖြတ် ကိုရယူမှာဖြစ်ပါတယ်။ ဦးစိုင်းအွမ်ဆိုင်မိုင်း တင်သွင်းသွားတဲ့ အဆိုကို လွှတ်တော်က မှတ်တမ်း တင်စောင့်ကြည့်သွားပါမယ်ဆိုတာကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အဆိုရှင် ဦးစိုင်းအွမ်ဆိုင်မိုင်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက် (အင်္ဂါနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေး အောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၂း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**